ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (29-5-2008) (၅၉၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြို့တွင်း ပျက်စီးပြိုလဲမှုများအား ပြန်လည်ပြုပြင်မှုနှင့် ရှင်းလင်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော သစ်ပင်များ အပြီးသတ် ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်သို့ ရောက်ရှိကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပါရမီလမ်းတစ်လျှောက်၌ ရန်ကုန်-အင်းစိန်လမ်း၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းတစ်လျှောက် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ပြိုလဲနေသော ဓာတ်တိုင်များအား အစားထိုး အသစ်လဲလှယ်ခြင်းနှင့် (၃၃) ကေဗွီဓာတ်အားလိုင်းများ ပြန်လည်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း၌ ပြိုလဲနေသော သစ်ပင်များအား တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက အပြီးသတ် ခုတ်ထွင်ရှင်းလင်းနေမှုကို လည်းကောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကင်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် အောင်ဇေယျာလမ်းတစ်လျှောက်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

ကြေးမုံ The Mirror လေဘေးခံဧရာဝတီသားတို့ ပြန်လည်လန်းဆန်းဖူလုံလာကြပေလိမ့်မည်

"တစ်မိုးကုန်၊ တစ်ဆောင်းပေါက်ကာ နောက်တစ်နှစ် စပါးပေါ်ချိန် ရောက်လာခဲ့လျှင်တော့ ဧရာတစ်ဝန်းမှာ စပါးရွှေဝါတွေ လွှမ်းနိုင်ပြီမို့ လေဘေးခံဧရာဝတီသားတို့ ပြန်လည်လန်းဆန်း ဖူလုံလာကြပေလိမ့်မည်။"

"အမိမြေ၊ အမိရေတို့၏ ကျေးဇူးဖြင့် တစ်နှစ်ကူးလျှင်တော့ ပုရစ်ဖူးတို့ ဝေကြဦးမည် အမှန်ပင်။"

လှိုင်အောင်၏ **"နှစ်အကူးမှာတော့ ပုရစ်ဖူးတို့ ဝေကြပေလိမ့်မည်"** (ဆောင်းပါး) စာမျက်နှာ-၈

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၅-၂၀၀၈
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ လိုအပ်ချက်များကို ဖြည့်ဆည်း ဖော်ဆောင်ပေးနေသော လုပ်ငန်းများဖြစ်သည်။ မြို့ပြရပ်ကွက်၊ ကျေးလက်ဒေသနေ ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် လမ်း၊ တံတားများကို ပြုပြင်တည်ဆောက်ပေးနေသည်။ ကူးသန်းဆက်သွယ် ရောင်းဝယ်ဖောက်ကားမှုများ စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိသည်။

မြို့ကြီးပြကြီးများတွင် လူဦးရေ တစ်နေ့တခြား တိုးပွားလာလျက်ရှိရာ စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများ၌ မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် ပြည်သူများလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ ပျော်ရွှင်ရေးနှင့် မြို့၊ ရွာ၊ ဈေး၊ ကျောင်း သန့်ရှင်းသပ်ရပ် သာယာလှပရေး လုပ်ငန်းများကို အကောင်အထည် ဖော်ပေးလျက်ရှိသည်။ ချုံနွယ်ပိတ်ပေါင်း အမှိုက်သရိုက် ရှင်းလင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည်။

မြို့ပြသန့်ရှင်း သာယာရေးလုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်း ဆောင်ရွက်၍ ပြီးစီးသွားသည်မဟုတ်ဘဲ နေ့စဉ် နေ့တိုင်း လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်ရာ ပြည်သူတိုင်းက ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမှိုက်သရိုက် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရေး၊ အိမ်၊ လမ်း၊ ဈေးဆိုင် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ရေမြောင်းများနှင့် လမ်းမပေါ်တွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံအပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများထွေးချခြင်း လုပ်ရပ်များကို သတိပြု ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

စည်းကမ်းမဲ့သူအချို့၏ လက်လွတ်စပယ်ပြုမူ ချို့ယွင်းအားနည်းမှုသည် မြို့ပြနေ ပြည်သူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေပြီး ပတ်ဝန်းကျင်သန့်ရှင်းမှုကို ပျက်ယွင်းစေသည်။ စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ပြည်သူအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သာယာလှပသော မြို့ပြလူနေမှု ပတ်ဝန်းကျင် ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ကမ္ဘာအေးကုန်းမြေ စိမ်းလန်းစိုပြည်ရေး သာသနာရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အတွင်းအပြင် ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ လိုဏ်ဂူတော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လိုဏ်ဂူတော်၌ ကျင်းပမည့် အကြိမ် (၆၀) မြောက် တိပိဋကရေ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားအတွက် ကြိုတင်ခင်းကျင်းပြင်ဆင်ထားရှိမှု အခြေအနေ၊ ဆဋ္ဌပြတိုက်၊ ကျောင်းဆောင်ကြီးလေးဆောင်၊ ဆွမ်းစားဆောင် ဆောင်ရွက်ထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E Professor Dr. Eksavang VONGVICHIT တို့ ကျောက်တန်းမြို့ ဆင်ကန်ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့၏ ဆေးခန်းများ ဖွင့်လှစ်ကုသပေးမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေး ပြုပြင်မွမ်းမံလျက်ရှိ

ရန်ကုန် မေ ၂၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၏ အနီးကပ်ကြီးကြပ်မှုဖြင့် နိုင်ငံသားကုမ္ပဏီများ ပူးပေါင်း၍ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော အခြေခံပညာကျောင်းများကို ယခုလာမည့် ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေးအတွက် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ ယခုအခါ မြို့ပေါ်ရှိ အမှတ်(၁) နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများအပါအဝင် စုစုပေါင်း ခုနစ်ကျောင်းကို ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် အမိုးလန်သွားသော အခြေခံပညာ ကျောင်းများကိုလည်း သွပ်များ အမြန်ဆုံး ပြုပြင်မွမ်းမံလျက်ရှိပြီး ကျောင်းဖွင့်ရာသီအမီ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် လာအိုကျန်းမာရေး ဒုတိယဝန်ကြီး ကျောက်တန်းမြို့ ကယ်ဆယ်ရေးစခန်း၌ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မေ ၂၇ ရက်နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Professor Dr. Eksavang VONGVICHIT ဦးဆောင်သောအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား မုန်တိုင်းဒဏ် ခံရသည့် ဒေသများအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေများအား ရှင်းလင်းပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဆင်ကန်ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှလာရောက်ဖွင့်လှစ်ထားသော ကျန်းမာရေးဆေးခန်းများသို့သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဆင်ကန်ကယ်ဆယ်ရေးစခန်းမှလေဘေးသင့်ဒေသနေပြည်သူများကိုတွေ့ဆုံအားပေးစကားပြောကြားကာ ကျောက်တန်းမြို့နယ်အတွင်း လှည့်လည် ကြည့်ရှုကြပြီး ညနေ ၃ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာ သွားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံ ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က လေဘေးသင့်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ကြောင်း နှိုးဆော်ခဲ့ရာ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် အယ်ဒီတာချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစု၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဗိုလ်မှူးလှထွန်း(ငြိမ်း)(လှထွန်း-တွံတေး)-ဇနီးဒေါ်ညွန့်ညွန့်သန်းနှင့် မိသားစု၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ(ရွှေစွန်ညို)-ဇနီး ကျောင်းဆရာမကြီးဒေါ်နုယဉ် မိသားစု၊ ဦးစန်းမောင်-ဒေါ်ချိုချိုတင်(မစန္ဒာ)မိသားစု၊ ဦးမောင်မောင်ဦး(ဟိန်းလတ်)ပေါ်ပြူလာဂျာနယ်တို့က ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ စာရေးဆရာအောင်ချိန်ဘွား-ဒေါ်ခင်စန်းကြည် မိသားစုက ငွေကျပ် ၃၀၀၀၀၊ တာမွေမြို့နယ်မှ စာရေးဆရာ ဦးအမ်ဒိန်းဂျား-ဒေါ်တူးတူးညွန့် မိသားစုက ငွေကျပ် ၂၀၀၀၀၊ အလုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးစံမြင့်(စာရေးဆရာမင်းလှစံမြင့်)နှင့် ဦးသန်းတင် (ကဗျာဆရာသင်းအောင်) တို့က ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အလားတူ လေဘေးသင့်ပြည်သူများအတွက် ဆရာဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဇာတိရွာ မိသားစုများက ငွေကျပ် ၅၀၀၀၀၊ စာရေးဆရာမောင်ခေတ်ထွန်း၊ ဦးညွန့်လွင်(လှျပ်စစ်)တို့က အထည်စုံ ၂၁ ထည်၊ ဆပ်ပြာ ၁၂ ပိုင်း၊ အသင့်စားခေါက်ဆွဲထုပ် ၁၀ ထုပ်ပါတစ်ထုပ် ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။

လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မည်သူမဆို အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ်၊ ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လပွတ္တာမြို့ လေဘေးကယ်ဆယ်ရေးစခန်းများ၌ နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံ-ပါစီ (သတင်းစဉ်)

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ရောဝတီတိုင်း လပွတ္တာမြို့နယ်၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာရန်နှင့် စာဖတ်ပရိသတ်များထံ တင်ပြရန် မေ ၂၃ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့သို့ ရောက်ရှိခဲ့ကြသည်။ ခရီးရောက်မဆိုက်မှာပင် မြို့တစ်ပတ် လှည့်လည်ကြည့်ရှုလေ့လာခဲ့ရာ ဌာနဆိုင်ရာရုံးများ၊ သာသနိက အဆောက်အအုံများနှင့် လူနေအိမ်များသည် သွပ်ရောင် တပြောင်ပြောင်ဖြစ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။

ထိုမှတစ်ဆင့် မိမိတို့ သတင်းအဖွဲ့ဝင်များသည် ရတနာဒီပ အားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ရာ ကနဦးမှာပင် စခန်းအတွင်းရှိ ကလေးငယ်တို့၏ ပြေးလွှား ဆော့ကစားနေမှုများ၊ လူငယ်လူရွယ်တို့၏ ကိုယ်လက်လှုပ်ရှားခြင်းလုံးခတ် ကစားနေမှုများကို တွေ့မြင်ရပါသည်။

ရှေးဦးစွာ စခန်းအတွင်းရှိ လေဘေးသင့် ပြည်သူများအား နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့ (လပွတ္တာမြို့) အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးမောင်သန့် နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ **"မိမိတို့အဖွဲ့တွင် ဆရာဝန်ခုနစ်ဦး၊ အုပ်ချုပ်မှုအရာရှိ တစ်ဦးနှင့် အခြားအဆင့် ၂၆ ဦး စုစုပေါင်း ၃၄ ဦး ပါဝင်ကြောင်း၊ ကုသမှုနှင့် ကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အဖွဲ့သုံးဖွဲ့ခွဲ၍ ကုသမှုပေးနေကြောင်း၊ တစ်ဖွဲ့က ယခု ရတနာဒီပ အားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌အခြေပြုထားပြီး အခြားတစ်ဖွဲ့မှာ မြို့တွင်းရှိ အခြား ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည် ဆေးကုသပေးလျက်ရှိကြောင်း၊ တတိယအဖွဲ့မှာ နယ်လှည့်ဆေးကုသပေးသည့်အဖွဲ့ဖြစ်ကြောင်း၊ နယ်လှည့် ဆေးကုသသည့်အဖွဲ့မှာ လပွတ္တာမြို့ကို ဗဟိုပြု၍ စက်လှေဖြင့် ရွာစဉ်**

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့ (လပွတ္တာမြို့) အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး မောင်သန့် ရှင်းလင်းပြောကြားစဉ်။

တစ်လျှောက် လှည့်လည်ကုသပေးနေကြောင်း၊ သုံးရက်တစ်ကြိမ် အဖွဲ့များကို လဲလှယ်ပေးကြောင်း" ဖြင့် ပြောကြားသည်။

ဆေးကုသမှုနှင့် စပ်လျဉ်း၍ **"နေ့စဉ် ပျမ်းမျှ လူနာ ၃၀၀နှင့် ၄၀၀ ကြားရှိကြောင်း၊ အတွင်း လူနာအဖြစ် အခြေအနေဆိုးသည့် လူနာမရှိကြောင်း၊ အဖြစ်အများဆုံး ရောဂါမှာ အအေးမိ၊ ဖျားနာ၊ လေပြွန်ရောင်၊ လည်ချောင်းနာ၊ နှာစေး၊ ချောင်းဆိုး ရောဂါလောက်သာ အများဆုံးဖြစ်ပါကြောင်း၊ ဝမ်းနှင့် ပတ်သက်သည့် ရောဂါဖြစ်ပွားမှုမှာ ဝမ်းပျက်ရောဂါ သည် အနည်းအကျဉ်းသာရှိပါကြောင်း၊ သို့သော် ဝမ်းရောဂါအဆင့် မရှိကြောင်း၊ဝမ်းလျှောသည့်လူနာများ တွင်လည်း သွေးလန့်သောလက္ခဏာ ဖြစ်လာသည့် လူနာ၊ ဆိုးဝါးသည့် လူနာမျိုး ယနေ့အထိ တစ်ယောက်မျှ မတွေ့ရသေးကြောင်း"** ဖြင့် ပြောကြားသည်။

INGOအဖွဲ့များက သောက်ရေ၊ သုံးရေများကို ထပ်ဆင့် ကလိုရင်းဆေး ခတ်ပေးစဉ်။

ဆက်လက်၍ **"ရေနှင့်ပတ်သက်ပြီး မိမိတို့ အဖွဲ့ဝင်များသည် မြို့ကို ဖြန့်ဖြူးသည့် တစ်ဧက အကျယ်ရှိ သောက်ရေကန်လေးကန်အား နေ့စဉ် ကလိုရင်းဆေးခတ်ပေးကြောင်း၊ ရေလာသယ်သည့် ရေစည်အားလုံးကို လည်းထပ်မံ၍ ကလိုရင်းဆေးခတ်ပေးကြောင်း၊ရေသန့်စင်စက်များလည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ စခန်းအတွင်းရှိ အိမ်သာ အားလုံးကိုလည်း နေ့စဉ် ဆေးဖျန်းပေးလျက်ရှိကြောင်း၊ စခန်းရှိ ပြည်သူများကိုလည်း ရေကို ကျိုချက်သောက်ရန်နှင့် အိမ်သာသုံးပြီးပါက လက်ဆေးရန် ကျန်းမာရေး ပညာပေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း"** ဖြင့် ပြောကြားသည်။

ရတနာဒီပ ကယ်ဆယ်ရေးစခန်းရှိ ကျန်းမာရေးဦးစီးဌာန၏ ဆေးခန်းတွင် ဆေးကုသမှုပေးနေစဉ်။

ထို့နောက် ဆေးဝါးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ **"ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အစီအစဉ်ဖြင့် ဆေးတွေပို့ပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအတွက်ရသည့် ဆေးဝါးများကိုလည်း မြို့နယ်အတွင်းရှိလိုအပ်သည့်ကျေးရွာများကို ခွဲဝေပေးကြောင်း"** ဖြင့် ပြောကြားသည်။

ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးအထူးဆေးအဖွဲ့ လပွတ္တာ၌ ဆေးဝါးကုသပေးနေစဉ်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ခရီး ဆန့်ခဲ့သည်။ ဆေးရုံတွင် အလယ်တန်းစခန်း တာဝန်ခံ (ကူးစက်ရောဂါနှိမ်နင်းရေး) တိုင်း အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်အေးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ **"ဝမ်းပျက် ဝမ်းလျှောရောဂါ အဓိကဖြစ်ပွားခြင်းမှာ သောက်သုံးရေ စွန့်ပစ်အညစ်အကြေးနှင့် အမှိုက်များကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ ကျန်းမာရေး အသိပညာနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်လည်း သက်ဆိုင်ကြောင်း၊ ရတနာဒီပကယ်ဆယ်ရေးစခန်းသို့ အဓိကသောက်ရေဖြန့်ဖြူးပေးသည့် သောက်ရေကန်ကြီးကို ရေသန့်စက်များဖြင့် သန့်စင်အောင်ဆောင်ရွက်ပြီး ဆေးခတ်လျက်ရှိကြောင်း၊ ကျန်စခန်းများရှိ ရေတွင်း ရေကန်များကိုလည်း အဖွဲ့များခွဲ၍ ဆေးခတ် ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းတာဝန်ခံများကိုလည်း ဆေးစပ်ပုံ စပ်နည်း၊ ဆေးအာနိသင်များကို ရှင်းလင်းသင်ကြားပေးလျက်ရှိကြောင်း၊ INGO အဖွဲ့များနှင့် ပူးပေါင်း၍ ရေသန့်စက်များလည်း တပ်ဆင်ပေးထားကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိလ္လာအညစ်အကြေးနှင့် ပတ်သက်၍ စခန်းများ၌ အရေးပေါ် မြောင်းအိမ်သာများအား သုံးစွဲလျက်ရှိကြောင်း၊ယင်းမြောင်းအိမ်သာများကို ကျန်းမာရေးဦးစီးဌာန နှင့် ဌာနအောက်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ယူနီဆက်တို့နှင့် ပူးပေါင်း၍ နည်းပညာများနှင့်အညီ စနစ်တကျ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ အိမ်သာများ၏ အပေါ်ကိုလည်း ယင်မနားအောင် ထုံးအိတ်များဖြင့် ဖြူးပေးထားကြောင်း၊ အမှိုက်ကိုလည်း မနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် တာဝန်ချ၍ သိမ်းဆည်းလျက် ရှိကြောင်း၊ သေချာစုစည်း၍ ကျင်းထဲထည့်ပြီး ထုံးဖြူး ဆောင်ရွက်လျက်ရှိကြောင်း"** ဖြင့် ပြောကြားသည်။

ဆက်လက်၍ လူတစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စပ်လျဉ်းပြီး စခန်းအတွင်းရှိ လေဘေးသင့်ပြည်သူများကို အစုအဖွဲ့အလိုက် ကျန်းမာရေးပညာပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများရှိပြည်သူများအတွက် ကျန်းမာရေး သတိပေးနှိုးဆော်ချက် လက်ကမ်း စာစောင်များကိုလည်း ဝေငှထားပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

"ဆေးခန်းများကို ပြည်သူ့ဆေးရုံတွင်သာမက လေဘေးကယ်ဆယ်ရေး စခန်းများ၊ မြို့လယ်ရှိ ကျောင်းများ၊ အဆောက်အအုံများတွင်လည်း ဖွင့်လှစ်ပေးထားသည်။ အဆိုပါ ဆေးခန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ အခြေအနေ၊ ငါးနှစ်အောက်ကလေးများ ရှိ မရှိ၊ မည်သည့်စခန်းကလာသည် စသည့် ရောဂါထောက်လှမ်းရေးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဝမ်းပျက်လူနာ သုံးဦးလာရာကာလဝမ်းရောဂါသည် တစ်ယောက်မျှ မတွေ့ရကြောင်း၊ သာမန် ဝမ်းပျက်ရောဂါမျှသာ ဖြစ်ပြီး စိုးရိမ်စရာ အနေအထားမရှိကြောင်း ကာကွယ်မှုများကို အပြည့်အဝ ဆောင်ရွက်လျက်ရှိကြောင်းဖြင့်လည်း သိခဲ့ရသည်။

လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီး အလယ်တန်းစခန်း တာဝန်ခံ (ကူးစက်ရောဂါနှိမ်နင်းရေး) တိုင်း အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဦးတင်မောင်အေးသတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားစဉ်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ရတနာဒီပ လေဘေးကယ်ဆယ်ရေးစခန်းမှ ထွက်ခွာချိန်ကား ညနေပိုင်းသို့ရောက်လုပြီ။ သတင်းခရီးသည်တို့၏ခရီးစဉ်က မပြီးဆုံးသေးပေ။ ကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တင်ပြရန် ဆက်လက် ခရီးဆန့်ရပါဦးမည်။ ။

✻ ရှေ့ဖုံးမှ

ရန်ကင်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် အောင်ဇေယျာလမ်းတစ်လျှောက်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား အပြီးသတ် ရှင်းလင်းနေမှုကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်းနှင့် မင်္ဂလာလမ်းတို့တွင် မော်ဘီတပ်နယ်မှ တပ်မတော်သားများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား အပြီးသတ် ရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား ပြန်လည်ရှင်သန်နိုင်သည့် သစ်ပင်များအား ပြန်လည်တည့်မတ်စိုက်ပျိုးသွားရေး၊ အမှိုက်များရှင်းလင်းပြီးသည့်နေရာများတွင် နောက်ထပ်အမှိုက်များ စွန့်ပစ်ခြင်းမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ အိမ်ထွက်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ကန်များတွင်သာ စုပုံရေးစသည်တို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လမ်းတစ်လျှောက်၌ ပြိုလဲနေသော သစ်ပင်များအား အပြီးသတ် ရှင်းလင်းနေမှုနှင့် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ DENT Myanmar Dental Centre မှ ငွေကျပ် ၁၀၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ ရေသန့်ဘူးခွံများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ရေသန့်ဆေးပြားများ၊ ခြင်ထောင်များ၊ မီးဖိုများ၊ တာပေါ်လင်များ၊ ကျန်းမာရေးသုံးပစ္စည်းများ စုစုပေါင်း ၁၃ ဒသမ ၆၀၁တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ စောင်များ၊ ခြင်ထောင်များ၊ ပလတ်စတစ်စများ၊ မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်း ၃၈ ဒသမ ၉၂၅ တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Merlin အဖွဲ့မှလှူဒါန်းသော ဆေးနှင့်ဆက်စပ်ပစ္စည်းများ ၁၆ဒသမ ၁၄ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၁၀မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဖူးခက်မြို့နေ ဦးအောင်မြင့်၊ ဦးလင်းကြည်တို့က ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံစစ်သံရုံးမှတစ်ဆင့် လှူဒါန်းသော ကြက်ဥများ၊ ဝက်ပေါင်ခေါက်ဆွဲခြောက်များ၊ အဝတ်အထည်များ စုစုပေါင်း ၁၁ ဒသမ ၉ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀ နာရီ ၂၅မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ခြင်ထောင်များ၊ ခေါက်ဆွဲခြောက်များ၊ ကြက်ဥများ စုစုပေါင်း ၃၆ တန်ခန့်သည် C-130 လေယာဉ်လေးစင်းဖြင့် နံနက် ၁၁နာရီ ၃မိနစ်၊ ၁၁နာရီ ၂၈မိနစ်၊ မွန်းတည့် ၁၂နာရီနှင့် မွန်းလွဲ ၁နာရီ ၁၈မိနစ်တို့တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Reletx Relief Supplies မှ ပလတ်စတစ်စများ ၃၈ ဒသမ ၅၈ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၅၆မိနစ်တွင် လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ အစားအစာမျိုးစုံ၊ ဆေးဝါးမျိုးစုံ၊ နို့ရွက်ဖျင်တဲများ စုစုပေါင်း ၁၄၉ဒသမ ၉၆ တန်သည် MD-11 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၂နာရီ၂၀မိနစ်နှင့် ညနေ ၅နာရီ ၃၅မိနစ်တို့တွင် လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ကျန်းမာရေးသုံးပစ္စည်းများ၊ ပလတ်စတစ်ပုံးခွံ စုစုပေါင်း ၃၆ ဒသမ ၉၉ တန်သည် DG-8 လေယာဉ်ဖြင့် ညနေ ၄နာရီ ၄၈မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ငွေလှူဒါန်း

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင်များက ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လှူဒါန်းငွေများအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ယနေ့လှူဒါန်းရာတွင် DENT.Myanmar Dental Centre မှ ငွေကျပ် ၁၀၀၀၀၀၀၊ Allure Group မှ ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုးတို့က ဆေးခန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀၀ စီကို လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ဆော်ဒီအာရေဗျနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်များအား ကျင်းပသွားမည်။ ဆောင်းပါးပြိုင်ပွဲကို **"မြန်မာအမျိုးသမီးများ ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဓာတ်ပုံ အရွယ်အစားမှာ ၁၀×၁၄ လက်မတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးသော ဓာတ်ပုံများမဖြစ်စေရ။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်နှင့် ရိုးရာပန်းပညာရှင်များအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲတွင် **"တန်ဖိုးရှိလှ၊ လူငယ်ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှ"**၊ **"မူးယစ်ဆန့်ကျင်၊အောင်ပွဲဆင်"**၊ **"ပြုစုကုသ၊ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ"**၊ **"အမှိုက်ကစ၊ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်"** ခေါင်းစဉ်များဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းတွင် မြိတ်မြို့သစ် ကဘင်းရေလှောင်တမံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးလှသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ကဘင်းရေလှောင်တမံ စီမံကိန်းကို မြိတ်မြို့သစ် သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း ၃၈၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမြင့်၃၅ပေ၊ အလျားပေ၄၇၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ကာ ရေဂါလန် ၄၅သန်း သိုလှောင်နိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက်စနာရီခွဲတွင် နည်းပညာတက္ကသိုလ်(မြိတ်)တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်းနှင့် စီဗယ်တက်ဆောက်လုပ်ရေး ကုမ္ပဏီမှတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွန်းတို့က နည်းပညာတက္ကသိုလ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်သာအေးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့်အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက မြိတ်မြို့သစ် တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက မြို့သစ်တည်ဆောက်မည့်အကွက်ချပုံစံကို ရေရှည်မျှော်မှန်း၍ စနစ်တကျရေးဆွဲ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကို မျှော်မှန်း၍ ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်အောင် ဆောင်ရွက်ရန်နှင့် မြို့သစ်ဆိပ်ကမ်းများသို့ ရေယာဉ်များအချိန်မရွေး ဝင်ထွက် ဆိုက်ကပ်ရပ်နားနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ် တည်ဆောက်ရေး လုပ်ငန်းများနှင့် တည်ဆောက်ပြီး ရေယာဉ်ဆိပ်ခံတံတားများတွင်ကုန်တင်ရေယာဉ်များ ဝင်ထွက်၊ဆိုက်ကပ်ရပ်နားနေမှုများ ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ် လှူဒါန်းခဲ့ပြီး မြိတ်မြို့ပေါ်ရှိ တောင်သာယာ၊ နတ်မှော်၊ ဘုရားကိုးဆူနှင့်စံကျောင်း ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဗိုလ်ချုပ်သာအေးသည် ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက်၏ တန်(၁၀၀၀) အအေးခန်းစက်ရုံ၊ အဆောင်ကောင်း ကုမ္ပဏီလီမိတက် အအေးခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ဖိုးလမင်းကုမ္ပဏီ အဆင့်မီခရမ်းချဉ်ရော်ဘာ ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက ဒေသဝမ်းစာဖူလုံမှု အခြေအနေများနှင့် မိုးစပါးစိုက်ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြိတ်ခရိုင် လမ်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မြိတ်ခရိုင်အတွင်းရှိ လမ်းပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများနှင့် လမ်းစစ်ဆေးရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းအင်ဂျင်နီယာမှူးကြီး ဦးလှစိုး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းနှင့်တိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ လမ်းလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တိုင်း၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဒေသများအတွက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်အလှူရှင်များ လှူဒါန်းသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ထောက်ပံ့ရေးပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐**ဆားဈေးနှုန်းမှ**

အဆိုပါ ညှိနှိုင်းဆွေးနွေးချက်အရ ဆားစက်ပိုင်ရှင်များအသင်းကရန်ကုန်မြို့၏ဆားစားသုံးမှုမှာ တစ်လလျှင် ပိဿာ၁၀သိန်းခန့်ရှိ၍ ဆားစက်ပိုင်ရှင်များ၏လက်ဝယ်၌ ပိဿာချိန် ၇၈သိန်းကျော်ရှိရာ မေ၂၃ရက်မှစ၍ ရန်ကုန်မြို့ရှိ စားသုံးသူများလက်ဝယ် အရောက်ဆားတစ်ပိဿာလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်အဖွဲ့များ၏အကူအညီဖြင့် အခွန်လွတ်ဈေးများ၌လည်း ရောင်းချပေးလျက်ရှိသည့်အပြင် လိုအပ်သောမြို့နယ်များသို့လည်း သွားရောက်ရောင်းချပေးသွားမည်ဖြစ်သည်။

လွတ်လပ်စွာဝယ်ယူနိုင်

ထို့အတူ တာမွေမြို့နယ်၌ စိန်မေတ္တာမွန်ဆားစက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့၌ တိုးနယားဆားစက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အိုကေဇာဇာ ဆားစက်၊ သာကေတမြို့နယ်နှင့် လမ်းမတော်မြို့နယ် (ညောင်ပင်လေးဈေး)တို့၌ အဏ္ဏဝါမင်းဆားစက်၊ လမ်းမတော်မြို့နယ် (ညောင်ပင်လေးဈေး) ၌ ကေကေ ဆားစက်၊ ရွှေပြည်သာမြို့နယ်၌ မြတ်သုခဆားစက်၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့၌ အောင်ထိုက်တန် ဆားစက်၊လှိုင်သာယာမြို့နယ်၌ စိန်မေတ္တာဆားစက်၊ သုဝဏ္ဏမြို့၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ ဖူးပွင့်စံဆားစက်၊ ဒေါပုံမြို့နယ်၌ ရွှေလဝင်းဆားစက်၊ ပုဇွန်တောင်မြို့နယ်၌ ဆားတောင်သူ ဆားစက်၊ တာမွေမြို့နယ်၌ ထက်အောင်သာ ဆားစက်၊ ဒေါပုံမြို့နယ်၌ ကေအမ် ဆားစက်နှင့် ကမာရွတ်မြို့နယ်၌ အောင်သီဟဆားစက်တို့မှ စီစဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူ ကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နှောင်းခေတ်တေးပဒေသာ
၈း၀၀	၅။	ချစ်စရာ့အရွယ်ကကြီးသွယ်
၈း၁၀	၆။	တီးကွက်ညွှန့်(စစ်ကိုင်းလှရွှေ စိန်စတင်း)
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၃၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၅၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၅။	အကပဒေသာ
၅း၃၀	၆။	တေးဂီတအစီအစဉ်
၅း၄၀	၇။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	တေးဂီတအစီအစဉ်
၇း၀၀	၁၁။	နိုင်ငံ့စီးပွား အလေးထား ကျေးလက် ထုတ်ကုန်များ
၇း၂၀	၁၂။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ရန်ပြယ်ပန်း"(အပိုင်း-၂) (ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦး၊ ချိုပုံး) (ဒါရိုက်တာ-မောင်နန္ဒ)**
	၁၇။	အစီအစဉ်ပြီး၏။

မအူပင်မြို့၌ လေဘေးသင့်ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဧရာဝတီတိုင်း မအူပင်မြို့ လေဘေးကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့် ကိုယ်ဝန်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကလေးငယ်များအား ထောက်ပံ့ရေးပစ္စည်းပေးအပ်သည့် အခမ်းအနားကို မေ ၂၆ရက် နံနက် ၉ နာရီခွဲတွင် လေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်နီလာသော်၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်နှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အနှီးပိတ်၊ ကိုယ်ဝန်ဆောင်အားတိုးဆေးနှင့် သံဓာတ်ဖြည့်ဆေးများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကလေးငယ်များအတွက် မုန့်ပဲသရေစာများကိုလည်းကောင်း ကယ်ဆယ်ရေးစခန်းများအလိုက် သွားရောက်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေ ကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မအူပင်မြို့နယ် အထွေထွေရောဂါကုဆေးရုံ သားဖွားခန်းအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လပွတ္တာမြို့ရှိ အစိုးရရုံးများ၊ လေဘေးကယ်ဆယ်ရေးစခန်းများနှင့် လမ်းမီးများပြန်လည်ဖြန့်ဝေပေးနိုင်

ရန်ကုန် မေ ၂၈

ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ KV(400)ဗို့ ဓာတ်အားလိုင်း ဖြန့်ဝေပေးရာ လမ်းတစ်လျှောက်ရှိ ကွန်ကရစ်ဓာတ်တိုင်၁၂တိုင်၊ သံတိုင်ဓာတ် တိုင်တစ်တိုင်နှင့် သစ်သားဓာတ်တိုင်၁၃၀တို့ ပြိုလဲခဲ့ရပြီး သံတိုင်ဓာတ်တိုင်၄၃တိုင်မှာ ယိုင်နဲ့သွားခဲ့ရသည်။

ယခုအခါ မြို့နယ်လျှပ်စစ်ဓာတ်အားပေးအဖွဲ့၏ ကြိုးပမ်းမှုဖြင့် သစ်သားဓာတ်တိုင်အသစ်၄၄တိုင်၊ တိုင်ဟောင်းပြုပြင်မှု၁၀တိုင်နှင့် ကွန်ကရစ်တိုင်သုံးတိုင်၊ သံတိုင်အဟောင်း၄၃တိုင် စုစုပေါင်း ဓာတ်တိုင်၁၀၀တို့ကို ပြန်လည်ပြုပြင်စိုက်ထူပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် လပွတ္တာမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ လေဘေးကယ်ဆယ်ရေးစခန်းများနှင့် လမ်းမီးများကို ပြန်လည် ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဓာတ်အားလိုင်းပြီးစီးမှုအပေါ် မူတည်၍ ရပ်ကွက် များအလိုက် အမြန်ဆုံးလျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မုန်တိုင်းကြားမှ ပြန်လည်ရုန်းထလာသည့် မော်လမြိုင်ကျွန်း

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်(မြန်မာ့အလင်း)

ဝေါ--ဝေါ--၊ ဟုန်း--၊ဂုတ်--ဂုတ်-၊ရှီး ခလွမ်း---၊ဖြုန်း---၊အုန်း---။

ဤအသံများသည် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် သစ်ပင်များ ပြိုလဲကျသံများ၊ သစ်ကိုင်းကြီးများ ပဲ့ကျသံများ၊ လမ်းဘေးလျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းကြိုးလိုင်းများ လဲကျသံများ၊ အိမ်ခေါင်မိုးသွပ်ပြားများ ကျွတ်ထွက် လွင့်ကျသံများ၊ နေအိမ်ပြတင်းပေါက်မှန်များ ပြုတ်ကျသံများပင် ဖြစ်သည်။

ထိုမုန်တိုင်း တိုက်ခတ်လိမ့်မည်ဆိုသည့်သတင်း လူအများစုကြိုသိနေကြသည်။ သို့သော် ဤမျှပြင်းထန်ပျက်စီးမှု ဖြစ်ပေါ်လိမ့်မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ တွက်ဆထားခြင်း မရှိကြချေ။

ထို့ကြောင့်လည်း မုန်တိုင်းတိုက်ခတ်မည်ကို ပူသင့်သလောက်သာ ပူပင်သည်။ သို့သော် ပြင်ဆင်ထားခြင်း ပြုလုပ်မထားကြပေ။ မေ၃ ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းသည် အပြင်းဆုံးဖြစ်သည်။ လူအများစု အိမ်ထဲမှအိမ်ပြင်သို့ မထွက်ရဲကြ။ မွန်းတည့် ၁၂ နာရီကျော်အထိ လေတိုက်ခတ်နေဆဲ ဖြစ်သည်။ လေတိုက်သံများ ငြိမ်သွားချိန်မှာတော့ နေအိမ်အပြင် လမ်းမပေါ်သို့ ထွက်ကြည့်လိုက်သည့်အခါ. . . .။

အပိုင်းပိုင်း ပြတ်နေသော လျှပ်စစ်မီးတိုင်များ၊ မြင်မကောင်း၊ ရှုမကောင်းအောင် လဲပြိုနေသော သစ်ပင်ကြီးငယ်များ၊ အမိုးပွင့် ဟောင်းလောင်းပေါက် ဖြစ်နေသောနေအိမ်များကို အံ့သြမဆုံး တွေ့မြင်လိုက်ရသည်။

ဤမုန်တိုင်းကြီး တိုက်ခတ်ပြီး ရက်၂၀ခန့်အကြာမှာတော့ မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးဒဏ် အခံရဆုံးမြို့နယ်တစ်ခုဖြစ်သည့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ လေဘေးကယ်ဆယ်ရေး လုပ်ငန်းများ၊ လေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စေ့ငုတင်ပြနိုင်ရန် ရန်ကုန်မြို့မှ သင်္ဘောဖြင့် ခရီးထွက်ခဲ့သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်သို့ ရောက်သည်ဆိုလျှင်ပင် လာရောက်သည့်အကြောင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပြောပြသည့်အခါ ဦးအောင်ကျော်ခိုင်က **“ကျွန်တော်တို့ဆီမှာ မုန်တိုင်းကြီး တိုက်ခတ်ပြီး မကြာမီမှာ မြို့အနီးရှိ ကျေးရွာတွေက ရွာသူရွာသားတွေဟာ မြို့ကိုတက်ပြေးလာကြတယ်။ ဒါနဲ့ ကယ်ဆယ်ရေးတွေ၊ မြို့မှာရှိတဲ့ ဌာနဆိုင်ရာ အသီးသီးနဲ့ မြို့မိမြို့ဖ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေး စလုပ်ကြရပါတယ်။ ဒီမြို့ကို တက်ပြေးလာကြတဲ့ လေဘေး ဒုက္ခသည်တွေထဲမှာ မော်လမြိုင်ကျွန်းမြို့အနီးရှိ ကျေးရွာများအပြင် မြို့နယ်နယ်နိမိတ်ချင်း ထိစပ်နေတဲ့ ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ် တို့မှ လေဘေးဒုက္ခသည်တွေလည်း ပါဝင်ပါတယ်။ စုစုပေါင်းဒုက္ခသည် စခန်း ၁၅ခုအထိ ဖွင့်လှစ်ပြီး လူပေါင်း ၆၇၄၉ဦးကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။**

ကျွန်တော်တို့ မြို့နယ်မှာ ဒီကယ်ဆယ်ရေးလုပ်ငန်းတွေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အနီးကပ် ကြီးကြပ် ဆောင်ရွက်ပေးပါတယ်။ လေဘေးဒုက္ခသည်များကို စားစရာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ရေသန့်ဘူးများ၊ ဝတ်စရာ အဝတ်အထည်များ၊ စောင်များ၊ အမိုးအကာများ အချိန်မီ ဖြန့်ဝေပေးခဲ့ပါတယ်။ လေဘေးဒုက္ခသည်များအား လိုအပ်သော ဆေးဝါးကုသမှုများ စီစဉ် ဆောင်ရွက်ပေးခဲ့ပါ တယ်”ဟု ပြောကြားသည်။

“လေဘေးဒဏ်ခံရသောကျေးရွာသားများအတွက် လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများအား လက်ဝယ်အရောက် ပေးအပ်ဆောင်ရွက်နေပါတယ်”

ဦးအောင်ကျော်ခိုင်
(ဥက္ကဋ္ဌ မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)

မော်လမြိုင်ကျွန်းမြို့နယ် ငါးတန် တစ်ရာကျေးရွာတွင်ကျေးရွာသူကျေးရွာသားများ လက်ဝယ်သို့ တပ်မတော် သားများက လက်ရောက်ပေးအပ်စဉ်။

“ယခုအခါမှာတော့ ဒီလေဘေး ဒုက္ခသည်တွေမြို့ပေါ်မှာ မရှိကြတော့ပါဘူး။ သူတို့ရဲ့ဆန္ဒအရ သူတို့ မူလနေထိုင်တဲ့ ကျေးရွာများသို့ သင်္ဘောများဖြင့် စနစ်တကျ ပို့ဆောင်ပေးခဲ့ပါတယ်။ မြို့ပေါ်မှာလည်း ယခုအခါမှာ လျှပ်စစ်မီးလည်းပြန်ရနေပါပြီ။ ဂျာမနီနိုင်ငံက ပေးပို့လှူဒါန်းတဲ့ မီးစက်နဲ့ ည ၇ နာရီမှ ၁၀ နာရီအထိ မီးပေးပါ တယ်။ တယ်လီဖုန်းဆက်သွယ်မှုမှာလည်း CDMA တယ်လီဖုန်းများသုံးပြီး ပြောဆိုနိုင်ကြပါပြီ။ စာသင်ကျောင်းများ၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများ အမိုးများ ပြန်လည် ပြုပြင်လို့ ပြီးစီးသွားပါပြီ”ဟု ဦးအောင်ကျော်ခိုင်က ဆက်လက် ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် မြို့တစ်ခွင်လုံး လျှောက်ကြည့်ရာ သွပ်အသစ်များဖြင့် တလက်လက် တောက်ပနေသော နေအိမ်တိုက်တာများ၊ ကျောင်းများ ကိုတွေ့မြင်ရသည်။ အမိုး လန်ကျသွားသော အိမ်များ၊ ဘုန်းတော်ကြီး ကျောင်းများအတွက် သွပ်ပြားငါးသောင်းကျော် ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ မြို့နယ်သမဝါယမ ဦးစီးဌာနက သွပ်ပြားနှင့် သံများ ဖြန့်ဝေပေးနေသည်ကိုလည်းတွေ့ခဲ့ရသည်။ မြန်မာ့သစ်လုပ်ငန်းကလည်း သစ်များ ရောင်းချပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမ ဦးစီးဌာနရုံးတွင် အမိုးပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းအတွက် သွပ်အသစ်များ လာရောက် ထုတ်ယူနေသည်ကို ဤသို့တွေ့ရသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့ ဆေးရုံကြီးသို့ ရောက်ရှိခဲ့သည်။

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ဆေးဝါးများ ကုသပေးနိုင်မှုနှင့် စပ်လျဉ်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ပြောကြားရာ **“မုန်တိုင်းဖြစ်ပြီးကာလ ဒီဆေးရုံကြီးမှာ မုန်တိုင်းဒဏ်ခံရတဲ့ ပြည်သူ ပြင်ပလူနာ ၆၅၀ ကျော်နဲ့ အတွင်းလူနာ ၂၅၆ ဦးတို့ကို ဆေးဝါးများ ကုသပေးခဲ့ပါတယ်။ အများဆုံး ကုသပေးတဲ့ ရောဂါတွေကတော့ ထိခိုက် ဒဏ်ရာရမှုနဲ့ အဆုတ်အအေးမိရောဂါများ ဖြစ်ပါတယ်။ ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားတာ မတွေ့ရပါဘူး။ ဒီမုန်တိုင်းဒဏ်ခံရတဲ့ ထိခိုက်ဒဏ်ရာရသူများအတွက် နိုင်ငံတကာမှ ပေးပို့လှူဒါန်းတဲ့ဆေးဝါးနှင့် ဆေးပစ္စည်းများလည်း လက်ခံ ရရှိပါတယ်။ UNICEF, WHO၊ ထိုင်း နိုင်ငံတို့မှ လှူဒါန်းတဲ့ဆေးဝါးများ၊ တရုတ်နိုင်ငံမှ လှူဒါန်းသောဆေးဝါးများလည်း ရောက်ရှိပါတယ်။ သူတို့ကို ရန်ကုန်နှင့် ပုသိမ်တို့မှ အထူးကု ဆရာဝန်ကြီးများ အဖွဲ့ကလည်း လာရောက်ကုသပေးခဲ့ပါတယ်”**ဟု ဒေါက်တာအောင်ဆန်းက ဆက်လက် ရှင်းပြသည်။

ယင်းဆေးရုံကြီး အဝင်ဝ တစ်နေရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အင်ဂျင်နီယာဌာနမှလာရောက်တပ်ဆင်ပေးသွားသော ရေဂါလန် ၂၅၀ဆံ့ ရေသန့်စက်ကြီး တစ်လုံး တပ်ဆင်ပေးထားသည်ကိုလည်း တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေစဉ်။

ထိုမှဆက်လက်၍ မော်လမြိုင်ကျွန်းမြို့လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးသို့ ရောက်ရှိသည်။ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုနှင့် စပ်လျဉ်း၍ လေဘေးကွပ်ကဲရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းက ပြောကြားရာတွင် **“မော်လမြိုင် ကျွန်းမြို့နယ်မှာ အဆိုးရွားဆုံးဒေသတွေဖြစ်တဲ့ ကျေးရွာအုပ်စု ခြောက်အုပ်စု ရှိပါတယ်။ လှိုင်းဘုန်း၊ ကြိမ်ချောင်းနဲ့ ငါးတန်တစ်ရာ ကျေးရွာအုပ်စုတွေ ပါဝင်ပါတယ်။ နယ်မြေခံတပ်ရင်းမှ ကျေးရွာအုပ်စုများသို့ တပ်မတော်သားများ ကိုယ်တိုင်လိုက်ပါပြီး ဖြန့်ဖြူးပေးနေပါတယ်။ အဓိက ဖြန့်ဖြူးပေးတဲ့ ပစ္စည်းတွေကတော့ မီးကာရွက်ဖျင်တဲ၊ အဝတ်အထည်၊ အစားအသောက်တွေ ဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့မှာရှိတဲ့ ဆန်စက်တွေက လိုသလောက်ယူပြီး ဒီလေဘေး ဒုက္ခသည်တွေရဲ့ နေအိမ်တွေကို အိမ်တိုင်ရာရောက် ဖြန့်ဖြူးပေးနေတာ ဖြစ်ပါတယ်။ တန် ၁၅၀ကျော် ရှိသွားပါပြီ။ မီးစက်တွေ၊ ရေသန့်စင်စက်တွေ၊ နေအိမ် အမိုးအကာ တွေ ပါဝင်ပါတယ်”** ဟု ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အများသုံး တယ်လီဖုန်းတွင် ဖုန်းပြောနေသည်ကို တွေ့ရစဉ်။

၎င်းမှတစ်ဆင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ကွပ်ကဲရေးအဖွဲ့ရုံးမှပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ် အလုပ်အမှုဆောင် ဦးချစ်သိန်း၏ စီစဉ်ပေးမှုဖြင့် ငါးတန်တစ်ရာလေဘေးကယ်ဆယ်ရေးစခန်း သို့ သွားရောက်ခဲ့သည်။ ယင်း ကယ်ဆယ်ရေးစခန်းသို့ ကွပ်ကဲရေးရုံးမှ မိုးကာရွက်ဖျင်တဲအလုံး ၁၀၀၀ကို ပဲ့ထောင်စက်လှေကြီးဖြင့် သွားရောက် ပို့ဆောင်သော စက်လှေဖြင့် လိုက်ပါလာခဲ့သည်။

၎င်း လေဘေးကယ်ဆယ်ရေး စခန်းမှ တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဇံနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဇံက ပြောကြားရာတွင် **“ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး လေဘေးဒဏ် အဆိုးရွားဆုံးခံရတဲ့ ကျေးရွာအုပ်စု ၁၇ အုပ်စုမှာ ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ ဒီမှာ မေ ၅ ရက်နေ့မှာ စရောက်တယ်။ ပထမဆုံး လုပ်ရတာကတော့ ပျောက်ဆုံး နေသူတွေကို လိုက်လံရှာဖွေပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပါတယ်။ ဒီနောက်မှာ ကျေးရွာများမှာဝင်ရောက်ပြီး သန့်ရှင်းရေးလုပ်ငန်းကို လုပ်ဆောင်ပါတယ်။**

ဒီနောက်မှာတော့ ပျက်စီးသွားတဲ့ ရွာတွေ ပြန်လည်ထူထောင်ပေးပါတယ်။ သူတို့အတွက်နေဖို့ စားဖို့ ဝတ်ဖို့ အားလုံးစီစဉ်ပေးခဲ့ပါတယ်။ အခုလည်း အမိုးအကာ၊ ရွက်ဖျင်တဲတွေ၊ စားစရာ ဆန်အလုံအလောက် ဖြန့်ဝေပေးနေပါတယ်။ ဒီဒေသက လူတွေရဲ့ အဓိက အသက်မွေးဝမ်းကျောင်းဟာလယ်ယာလုပ်ကိုင်ခြင်းနဲ့ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ရေလုပ်သားများအတွက် ငါးဖမ်းပိုက်တွေ၊တောင်သူတွေအတွက် လက်တွန်းထွန်စက်တွေ၊ကျွဲနွားတွေ၊ မျိုးစပါးတွေ ဖြန့်ဝေပေးလျက်ရှိပါတယ်။ သူတို့ကို နောက်စပါး မပေါ်မချင်း လိုအပ်တဲ့ စားနပ်ရိက္ခာအတွက် ဆက်လက်ပံ့ပိုးပေးဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်” ဟု ဆက်လက်ပြော ကြားသည်။ ဤသို့ဖြင့် လေဘေးဒုက္ခသည်များအား နိုင်ငံတော်က စီစဉ် ဆောင်ရွက်ပေးမှု၊ နိုင်ငံတကာကကူညီမှု၊ ပြည်တွင်း စေတနာရှင်များ၏ သဒ္ဓါထက်သန် လှူဒါန်းမှုများကြောင့် မော်လမြိုင်ကျွန်းမြို့နယ်မှ လေဘေးဒဏ်ကြုံရသောပြည်သူများ၏ဘဝသည် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်များ ပြန်လည် ဝင်ရောက် နိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်ခြင်း၊မွေးမြူရေး လုပ်ငန်းနှင့်ရေလုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းတို့ကြောင့် မော်လမြိုင်ကျွန်းမြို့ရှိ စပါး စက်များမီးခိုးတလူလူဖြင့် မုန်တိုင်းကြားမှ ပြန်လည်နိုးထလာပြီ ဖြစ်ပါကြောင်း။ ။

ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ဌာနေကိုယ်စားလှယ်တို့ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား နယူးယောက်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ညွှန်ကြားရေးမှူး Ms. Kathleen Cravero နှင့် ရန်ကုန်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli နှင့် ဒုတိယဌာနေကိုယ်စားလှယ် Mr.Sanaka Samarasinha တို့သည် မေ ၂၇ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ယူအင်ဒီပီနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံချက်များနှင့် လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား နယူးယောက်မြို့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ညွှန်ကြားရေးမှူး Ms. Kathleen Cravero နှင့် ရန်ကုန်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli နှင့် ဒုတိယ ဌာနေကိုယ်စားလှယ် Mr.Sanaka Samarasinha တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်ထံ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူရှင် ဝေဒီဖိနပ်စတိုးနှင့် Lily Shoe Collection (လီလီ Shoe Collection)မိသားစုက ငွေကျပ် ၁၇၅ သိန်းတန်ဖိုးရှိ နိုင်ငံခြားဖိနပ်များ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ဖိနပ်များလှူဒါန်း

ရန်ကုန် မေ ၂၈

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိရာ မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ အလှူရှင် ဝေဒီဖိနပ်စတိုးနှင့် Lily Shoe Collection(လီလီ Shoe Collection)မိသားစုက ငွေကျပ် ၁၇၅ သိန်းတန်ဖိုးရှိ နိုင်ငံခြားဖိနပ်(ကျား+မ)အရံ ၂၀၅၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းသင့် ပြည်သူများအတွက် Professor Alain PATEL, President of AMFA (Association Medicale Franco Asiatique) က ငွေကျပ် သိန်းသုံးဆယ်နှင့် အမေရိကန်ဒေါ်လာ ၁၆၁၀၈ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မေ ၂၆ ရက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်များထံသို့ လာရောက်လှူဒါန်းစဉ်။
(မြန်မာနိုင်ငံဆရာဝန်အသင်း)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ရုံး ရွှေမြို့ဝင်ဇီးကုန်းကျောင်းတိုက်၌ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၁၃၇ ကျောင်းနှင့် သီလရှင်ကျောင်း ၂၉ ကျောင်းတို့အတွက် သင်္ကန်းဒွိစုံ ၂၇၄ စုံ၊ သီလရှင်ဝတ်စုံ ၅၈ စုံတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ရုံး အောင်မြေသာယာဘုရားဓမ္မာရုံ၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိလေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၈၂ ကျောင်းနှင့်သီလရှင်ကျောင်း ၁၃ ကျောင်းတို့အတွက် သင်္ကန်းဒွိစုံ ၁၆၄ စုံ၊ သီလရှင်ဝတ်စုံ ၂၆ စုံတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး သာသနိကအဆောက်အအုံများ ပြုပြင်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- မသန့်ရှင်းသော သောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ရေသန့်ပင်ဖြစ်လင့်ကစား မသင်္ကာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် ငါးကလေးရဲ့ စွန့်စားခန်း အပိုင်း(၅၁)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ အပိုင်း(၂၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း သွေးသစ္စာဓားအပိုင်း(၂၄)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ထောက်ပံ့ရေး ပစ္စည်းများ ရောက်ရှိ

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့ရေး ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

နှစ်အကူးမှာတော့ ပုရစ်ဖူးတို့ ဝေကြပေလိမ့်မည်

လှိုင်အောင်

နာဂစ်မုန်တိုင်းကြောင့် အိမ်ရှေ့မှ သစ်ပင်ကြီးတစ်ပင် လဲကျသွားခဲ့သောကြောင့်လည်းကောင်း၊ ဘုရားငါးဆူကုန်းပေါ်မှ သစ်ပင်များ လေဒဏ်ခံရ၍ ရှိသမျှ သစ်ရွက်သစ်ခက်များ လေနောက်ပါသွားကာ အရိုးပြိုင်းပြိုင်း ဖြစ်ကုန်ကြ၍လည်းကောင်း မြင်ကွင်းရှင်းသွားသောကြောင့် အိမ်ဝရန်တာမှ လှမ်းမျှော်ကြည့်လိုက်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံဘုရားကြီးကို အထက်ပစ္စယံအနားအထိ ဖူးမြော်ခွင့်ရခဲ့သည်။ ယခင်က ညအခါ ဆလိုက်မီးရောင်မျှသာမြင်ရပြီး ကံကောင်းမှ စိန်ဖူးတော်ကို မြင်ခွင့်ရခဲ့ရာမှ နာဂစ်ကျေးဇူးကြောင့် မပင်မပန်းဘုရားဖူးရပေသည်ဟု မကောင်းဆိုးဝါးမုန်တိုင်းကိုပင် ကြံဖန်ကျေးဇူးတင်ရသည်။

သို့သော် မုန်တိုင်းအပြီး ရက်နှစ်ဆယ်ခန့်ကြာသောအခါ မြင်နေကျ ရွှေတိဂုံဘုရားကြီးကို သဲသဲကွဲကွဲမမြင်ရတော့ပေ။ သေချာစူးစမ်းကြည့်ရှုလိုက်သောအခါမှ လေဒဏ်ခံထားရသော အရိုးပြိုင်းပြိုင်းသစ်ပင်များမှာ ရွက်နုများဖြင့် ဝေနေသည့်အတွက် မြင်ကွင်းမှာ သစ်ရွက်နုနုစိမ်းစိမ်းတို့ဖြင့် ဖုံးကွယ်နေသည်ကို သတိထားမိသည်။

"ဩော် . . . သစ်ပင်တွေတောင်မှ လေဒဏ်ခံခဲ့ရာမှ သူတို့သဘာဝအလျောက် ရုန်းထထူထောင်လာနိုင်ခဲ့ပါကလား" ဟု အတွေးပေါက်မိသည်။ သည်သစ်ပင်တွေခမျာ မည်သည့်နိုင်ငံခြားအကူအပံ့ကိုမျှ ရကြသည်မဟုတ်၊ ခေါက်ဆွဲခြောက်ထုပ်ကိုလည်း မမြင်ရ၊ ရွက်ဖျင်တဲနှင့်လည်း အရိပ်မခိုရ၊ သောက်ရေသန့်လည်း မရကြရှာပါ။ သို့သော် မုန်တိုင်းနောက်မှ ကပ်၍ပါလာသော မိုးတစ်ပြိုက် နှစ်ပြိုက်နှင့် မြေဆီဩဇာကောင်းမွန်လှသော သဘာဝမြေကြီးတို့၏ အကူအညီဖြင့် အရွက်အခက်တို့ စိမ်းစိမ်းညိုညိုဝေတက်၍လာကြသည်။ အမိမြေ၊ အမိရေနှင့် ကိုယ့်အားကိုယ်ကိုး၍ အစောဆုံး ပြန်လည်ထောင်မတ်လာသူများပင်တည်း။

လူဆိုသည်ကတော့ သစ်ပင်ကဲ့သို့ မဟုတ်ချေ။ ရှိသမျှ ပစ္စည်းဥစ္စာ၊ ပိုင်ဆိုင်သမျှ အိုးအိမ်တိုက်တာနှင့် တွယ်တာနှောင်ဖွဲ့ရသည့် မိသားစုဝင်များပါမကျန် တစ်မုဟုတ်ချင်း တိုက်စားဝါးမျို ဖုံးလွှမ်းသွားခဲ့သည့် လေဒဏ်၊ ရေဒဏ်တို့ကို ခံစားလိုက်ရပြီးနောက်တွင် စိတ်ရောကိုယ်ပါ အထိနာခဲ့ကြရသည်။ ဘဝ၊ မျှော်လင့်ချက်နှင့် အသက်ဆက်လက်ရှင်သန်ရေးအတွက် အနာဂတ်က မှုန်ဝေမှိုင်းရီနေခဲ့သည်။ မိမိတစ်ဦးတည်းခွန်အားဖြင့် လဲကျရာမှ ပြန်ထနိုင်ရန် ခက်နေလျက်ရှိသည်။ သို့သော်လည်း လူဆိုသည်မှာ အသိုင်းအဝိုင်း၊ အဖွဲ့အစည်း ဖြင့် နေထိုင်ရှင်သန်ရသော သတ္တဝါဖြစ်ရကား တစ်ဦးတည်းဖြင့် မနိုင်သော်ငြား အများကဝိုင်း၍ ကူပံ့ဆွဲထူပေးကြသည်။ ပြည်တွင်းရှိ အနယ်နယ်အရပ်ရပ်မှ ငွေကြေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများ စုပြုံရောက်ရှိထောက်ပံ့ကူညီခဲ့ကြသကဲ့သို့ ကမ္ဘာတစ်လွှားရှိ နိုင်ငံများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များ၊ အဝေးရောက် မြန်မာများကလည်း ငွေအား၊ ပစ္စည်းအားဖြင့် အားတက်သရော ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ပြည်တွင်းမှ ငွေနှင့် ပစ္စည်းတန်ဖိုး ကျပ်သန်းပေါင်း ၇၃၀၀ ကျော်ဖိုး၊ ပြည်ပမှ ပစ္စည်းတန်ချိန် ၂၉၀၀ ကျော်ခန့် ရက်သတ္တနှစ်ပတ်ခန့်အတွင်း လက်ခံရရှိခဲ့သည်။

မေလ ၂၅ ရက်နေ့တွင်မူ နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများက မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရေးအတွက် ကတိကဝတ်ပြုသည့် Pledging Conference တစ်ရပ် ညှိနှိုင်းကျင်းပဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲရလဒ်များအရ မြန်မာနိုင်ငံတွင် လေဘေးဒဏ်ခံစားခဲ့ကြရသည့် ပြည်သူများအတွက် နိုင်ငံတကာမှ အကူအညီများ ပေးအပ်လှူဒါန်းရန် ကတိကဝတ်ပြုခဲ့ကြသည်ဟု သိရသည်။ ဝမ်းသာပါ၏။ သာဓုခေါ်ပါ၏။

ကွန်ဖရင့်မှ ထွက်လာသည့် အသံအမျိုးမျိုးကိုလည်း ကြားရသည်။ အပြုသဘောဆောင်သောအသံ၊ အပျက်သဘောနွယ်သော အသံ၊ အချို့က မေတ္တာ၊ ကရုဏာအစစ်ဖြင့် ပြောသောအသံ၊ အချို့က လောဘ၊ ဒေါသ၊ မောဟ၊ ဗျာပါဒလွှမ်းသည့် အောက်ကလိအာအသံ။

ပြည်ပမှ မည်သည့်နိုင်ငံ၊ မည်သည့် အဖွဲ့အစည်းမဆို စေတနာသန့်သန့်ဖြင့် နိုင်ငံရေးပယောဂများ၊ နှောင်ကြိုးများမပါဘဲ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်စွာဖြင့် လက်ခံလျက်ရှိကြောင်း၊ လေဘေးသင့်ဒေသအတွင်းသို့ လာရောက် လေ့လာကြည့်ရှုလိုသူများကိုလည်း ထိုက်သင့်သလို စီမံကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ဆေးအဖွဲ့များကိုလည်း ခွင့်ပြုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းရှင်းလင်းလင်း ပြောကြားသွားသည့် ကွန်ဖရင့်အဖွင့် မိန့်ခွန်းကိုလည်း ကြားရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ရာတွင် မိမိအနေဖြင့် ကျေနပ်အားရမှုရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များအား ဝင်ရောက်ခွင့်ပေးရေးနှင့်စပ်လျဉ်း၍ သဘောတူညီမှုရရှိခဲ့ကြောင်း၊ မကြာမီရက်များအတွင်း လေဘေးဒဏ်ခံပြည်သူများအတွက် အကူအညီအထောက်အပံ့များ တိုးတက်ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူ ၁ဒသမ၅သန်းခန့်ကို လာမည့်သုံးလခန့်အတွင်း အရေးပေါ်အကူအညီ ပေးနိုင်ရန် အမေရိကန် ဒေါ်လာ ၂၀၁သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့အထိ ထိုပမာဏ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ရရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀ ရာခိုင်နှုန်းရရှိရန် ကတိကဝတ်များလည်းရရှိပြီးဖြစ်ကြောင်း စသည်ဖြင့် အားတက်ဖွယ် အပြုသဘောဆောင် ပြောကြားခဲ့သည်။

သို့သော် မြန်မာနိုင်ငံအတွင်း အဆီးအတားမရှိ လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့် Free Access **ရမှ အကူအညီများစို့စို့ပို့ပို့ ထပ်မံပေးအပ်မည်ဆိုသော အသံများကိုလည်းကြားရပြန်သည်။** Free Access **ဆိုသည့် စကားက ရိုးရိုးကလေးနှင့် အတော်ပင်တာသွားသည့် စကားမျိုးဖြစ်သည်။ သဘောရှိ၊ ကရောဟိ၊ လုပ်ချင်တာသာ လုပ်ကြပါတော့ဟုဆိုကာ အိမ်ခြံဝင်းတံခါး၊ အိမ်မကြီးတံခါး၊ အိပ်ခန်းတံခါး၊ မီးဖိုချောင်တံခါးအားလုံးကို ဖွင့်ပေးမှ ကျေနပ်မည့်အဆင့်မျိုးအထိ ရောက်ရှိသွားနိုင်သည်။ စဉ်းစားဖို့ကောင်းလှသည်။**

မြန်မာအစိုးရက ပြည်ပအကူအညီတွေကို လက်မခံဘဲ ပိတ်ဆို့ဟန့်တားနေသည်။ နိုင်ငံတကာက လှူချင်၊ ကူချင်ပါလျက် တံခါးပိတ်ထား၍ မကူနိုင်ဘဲ ဖြစ်နေသည်။ နိုင်ငံတကာ အကူအညီများ လုံလောက်စွာမရ၍ လေဘေးဒဏ်ခံပြည်သူများ ဒုက္ခရောက်နေသည်။ လူတစ်သန်းခန့် မကြာမီ အငတ်ဘေးဆိုက်၍ သေဆုံးရတော့မည်။ ဝမ်းရောဂါကပ်ဘေးဆိုက်တော့မည် စသည်ဖြင့် တစ်ဖက်သတ် အဆိုးမြင်ဖြင့် ပုတ်ခတ်ဝေဖန်သံများလည်း ကြားရသည်။

မြန်မာနိုင်ငံက တံခါးဖွင့်ပေးထားသည့်အခါ၌ကော အမှန်တကယ် အကူအညီတွေ ဒလဟော ဝင်လာကြပါသလော။ မြန်မာနိုင်ငံဘက်က ပျက်စီးမှုနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်က ဒေါ်လာ ၁၁ဘီလီယံခန့်၊ ယခုကတိပြုသွားခဲ့ကြသည်က ဒေါ်လာသန်း ၁၅၀ကျော်ခန့်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းပြောဆိုသွားခဲ့သည့် အရေးပေါ်သုံးလစာ အကူအညီအတွက် ဒေါ်လာ ၂၀၁ သန်းပမာဏကိုပင် မပြည့်မီသေး။

လေဘေးဒဏ်ကြောင့် ဆုံးရှုံးသွားခဲ့ရသည့် အသက်ပေါင်းများစွာ၊ ထိခိုက်ခံစားရသည့် ဘဝပေါင်းများစွာအတွက် နိုင်ငံရေး အမြတ် မထုတ်ဘဲ အမှန်တကယ်ကော စာနာထောက်ထား ကူညီကြပါသလား။ အမှန်တကယ် ကရုဏာ၊ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးခဲ့ကြသည့် မိတ်ကောင်းဆွေကောင်းနိုင်ငံများ၊ အဖွဲ့အစည်းများလည်း၊ အများအပြားရှိပါသည်။ သို့သော်. . . . .

စေတနာခေါင်းပါးကြောင်း ပေါ်လွင်သည့် အချို့သော အခြင်းအရာများကို တွေ့ရမြင်ရသောအခါ၌လည်း စိတ်မကောင်းဖြစ်ရသည်။ ၂၀၀၄-၂၀၀၄ ခုနှစ် ဆူနာမီလျှင်လှိုင်းဘေး ထိခိုက်ခံစားရသည့် အင်ဒိုနီးရှားနိုင်ငံကို ချက်ချင်းလက်ငင်းအရေးပေါ် ထောက်ပံ့ငွေ ဒေါ်လာ ၂၅ သန်းပေးအပ်ခဲ့သည့် ကမ္ဘာ့ငွေကြေး အဖွဲ့ကြီးတစ်ခု၏ ပြောရေးဆိုခွင့်ရှိသူက အလားတူ လေဘေးရော၊ ရေဘေးပါ အကြီးအကျယ်ထိခိုက်ခံစားခဲ့ရသည့် မြန်မာနိုင်ငံမှ ပြည်သူများအတွက်မူ ငွေကြေးအကူအညီလည်း မပေးနိုင်၊ ငွေလည်း မချေးနိုင်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းကြီးတစ်ခု မလွဲမသွေ မကြာမီ ဝင်ရောက်တော့မည်ဟု သိနေသည့်ကာလ၌ပင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတိုးမြှင့်သည့် နိုင်ငံကြီးတစ်ခုကလည်းရှိသေးသည်။

ဤလုပ်ရပ်များသည် လူသားချင်းစာနာတတ်သော နှလုံးသားရှိသူများ၏ လုပ်ရပ်ဟု ဆိုနိုင်ပါမည်လော။ သိချင်စမ်းပါလှသည်။

မြန်မာပြည်သူများအတွက်မူ နိုင်ငံခြားအကူအညီ အထောက်အပံ့ဆိုသည်မှာ မရလျှင်လည်း မိမိတို့ဘာသာ ရပ်တည်ထူမတ်နိုင်သူများဖြစ်ကြသည်။ တကယ်တော့ နိုင်ငံတကာက မြန်မာပြည်သူများကို နှစ်စဉ်ကူညီထောက်ပံ့သည့်နှုန်းထားမှာ လူတစ်ဦးလျှင် ၃ ဒေါ်လာခန့်သာရှိပြီး ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများတွင် အနည်းဆုံး ရရှိမှု ဖြစ်သည်။ သို့သော် မည်သူ့အကူအပံ့မပါဘဲ မိုင်ချီရှည်လျားသော မြစ်ကူးတံတားကြီးများ၊ မိုင်ချီရှည်လျားသော တောင်ဖောက်ဥမင်လိုဏ်ခေါင်းကြီးများ၊ မဂ္ဂါဝပ်ထောင်ချီ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ ရာချီသည့် ဆည်မြောင်းတာတမံများကို မြန်မာတို့ ဆောက်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခု နာဂစ်လေမုန်တိုင်းကြီး၏ ရုတ်ခြည်းပြင်းထန်လှသော အဖျက်အင်အားကြောင့် ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်များအတွက်မူ နိုင်ငံတကာမိသားစုမှ စေတနာမေတ္တာ အပြည့်ဖြင့် ထောက်ပံ့ကူညီကြသည်များကို မြန်မာပြည်သူတို့က လှိုက်လှဲဝမ်းသာစွာ လက်ကမ်းကြိုဆိုနေပါသည်။

မည်သို့ပင်ဖြစ်စေ အမိဧရာဝတီ၏ နွေးထွေးသော ရင်ခွင်၌ ဧရာဝတီသား မြန်မာတို့အတွက် ရေခံမြေခံကောင်း၊ အခြေခံကောင်းများရှိပြီး ဖြစ်သည်။ ယာယီအားဖြင့် ခေါက်ဆွဲခြောက်ထုပ်နှင့် ဘီစကွတ်မုန့်တို့ လိုကောင်းလိုပါလိမ့်မည်။ သို့သော် ဧရာဝတီသားတို့အတွက် လယ်ကြား၊ မြောင်းကြားမှ ဆောင်းအုပ်၊ ခန့်ပက်၊ ကွန်ပစ်လိုက်ရုံဖြင့် ပရိုတိန်းဓာတ်အပြည့်ပါသော ငါးများ ဟင်းစားရနိုင်ပါသည်။ သုံးဦးစပ် ငါးပိရည်ကျိုကို ငါးပနော်မီးအုံးထည့်ပြီး လယ်စပ်မှာ အလေ့ကျပေါက်နေသော မှိုနားတို၊ ကညွတ်၊ ထိကရုံး စသည့် ဟင်းသီးဟင်းရွက်ပင်များကို လတ်လတ်ဆတ်ဆတ်ခူးကာ တို့မြုပ်၍ စားရလျှင်ပင် မြန်မာလယ်သမားများ ထမင်းစားမြိန်သလို လိုအပ်သော အာဟာရဓာတ်များလည်း အပြည့်အစုံပါပြီးဖြစ်ပါသည်။ မိုးဦးကျမှာထွက်လာတတ်သည့် စားဖားဆူဆူကြီးများကိုလည်း ညအခါ မီးအုပ်ဆောင်းဖြင့် ထွက်၍ရိုက်ဦးမလား၊ စားစရာတွေက ပေါလှသည်။ နိုင်ငံတကာမှ လှူသည့် ချောကလက်တောင့်များ မစားရလျှင်လည်း ဧရာဝတီသားတို့ ကိုယ့်အားကိုယ်ကိုး ရှင်သန်နိုင်ပါသည်။ မြန်မာပြည်မှာ ကာလကြာရှည် ကျပ်တည်း ဆင်းရဲခဲ့သည့် စစ်အတွင်းကာလ ဂျပန်ခေတ်ကပင် ငတ်၍ သေသူမရှိခဲ့ပါ။ အမိဧရာဝတီ၏ ကျေးဇူးဖြင့် မြေဆီဩဇာအကောင်းဆုံး မြစ်ဝကျွန်းပေါ်ဒေသ၌ကား ရေငန် တစ်ကြိမ်ဝင်ရုံမျှဖြင့် လုံးဝစိုက်မရအောင် အခြေအနေ မဆိုးလှပါ။

ယခုလို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းစေတနာရှင်များနှင့် ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများ၏ အားတက်သရော ကူညီထောက်ပံ့စောင့်ရှောက်မှုများ၊ ပြန်လည်ထူထောင်တည်ဆောက်ပေးမှုများရရှိနေသည့် အခြေအနေတွင် ပို၍ပင် စိုးရိမ်ဖွယ်မရှိလှပါ။ သည်တစ်မိုးတွင်းသာ ဧရာဝတီသားတို့ တောင့်ခံထားဖို့လိုပါလိမ့်မည်။ တောင့်ခံနိုင်ရန်အတွက်လည်း နေဖို့၊ စားဖို့၊ စပါးမျိုးရဖို့၊ ထွန်စက်၊ ကျွဲ၊ နွားရဖို့က အစ နိုင်ငံတော်နှင့် အခြားလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက ကူညီပေးလျက်ရှိပါသည်။

တစ်မိုးကုန်၊ တစ်ဆောင်းပေါက်ကာ နောက်တစ်နှစ် စပါးပေါ်ချိန်ရောက်လာခဲ့လျှင်တော့ ဧရာတစ်ဝန်းမှာ စပါးရွှေဝါတွေ လွှမ်းနိုင်ပြီမို့ လေဘေးခံ ဧရာဝတီသားတို့ ပြန်လည်လန်းဆန်း ဖူလုံလာကြပေလိမ့်မည်။

အမိမြေ၊ အမိရေတို့၏ ကျေးဇူးဖြင့် တစ်နှစ်ကူးလျှင်တော့ ပုရစ်ဖူးတို့ ဝေကြဦးမည် အမှန်ပင်။ ။

မြန်မာနိုင်ငံအတွင်း အဆီးအတားမရှိ လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့် Free Access ရမှ အကူအညီများ စို့စို့ပို့ပို့ ထပ်မံပေးအပ်မည်ဆိုသော အသံများကိုလည်း ကြားရပြန်သည်။ Free Access ဆိုသည့် စကားက ရိုးရိုးကလေးနှင့် အတော်ပင်တာသွားသည့်စကားမျိုးဖြစ်သည်။ သဘောရှိ၊ ကရောဟိ၊ လုပ်ချင်တာသာ လုပ်ကြပါတော့ဟုဆိုကာ အိမ်ခြံဝင်းတံခါး၊ အိမ်မကြီးတံခါး၊ အိပ်ခန်းတံခါး၊ မီးဖိုချောင်တံခါးအားလုံးကို ဖွင့်ပေးမှ ကျေနပ်မည့် အဆင့်မျိုးအထိ ရောက်ရှိသွားနိုင်သည်။ စဉ်းစားဖို့ကောင်းလှသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြင်ဆင် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြင်ဆင်ပြီးစီးမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရေတပ်စခန်းဌာနချုပ် - ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ညနေ ၃ နာရီခွဲတွင် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြင်ဆင်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပန်းဆိုးတန်းနန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ရေယာဉ်ပေါ်၌ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးက မုန်တိုင်းတိုက်ခတ်ပြီးနောက် ရန်ကုန်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်း၌ နစ်မြုပ်ကမ်းတင်ခဲ့သည့် ရေယာဉ်များအခြေအနေ၊ ကမ်းတင်ရေယာဉ်များအနက်မှ အချို့ကို ဆွဲချရှင်းလင်းပြီးစီးမှု အခြေအနေ၊ လက်ရှိရန်ကုန်ဆိပ်ကမ်းသို့ အပြည်ပြည်ဆိုင်ရာသင်္ဘောများ ဝင်ထွက်နိုင်မှုအခြေအနေ၊ ရန်ကုန်ဆိပ်ကမ်းရှိ ပြည်တွင်းရေယာဉ်များ ဆိုက်ကပ်သည့် ဗောတံတားများ နစ်မြုပ်ပျက်စီးမှု အခြေအနေ၊ နစ်မြုပ်ခဲ့သော ဗောတံတားသုံးစင်းကို ပြန်လည်ဆယ်ယူ တပ်ဆင်နိုင်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆိပ်ခံဗောတံတားများ အမြန်တပ်ဆင်ပြီးစီးရေး၊ နစ်မြုပ်/ကမ်းတင်ရေယာဉ်များ ဆယ်ယူရှင်းလင်းရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာ့ရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြန်မာ့ရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ တွဲယာဉ်များ နစ်မြုပ်ကမ်းတင်မှု အခြေအနေ၊ ဆယ်ယူကမ်းချ ပြီးစီးမှု အခြေအနေ၊ ကူးတို့လမ်းခရီးသည်၊ ကုန်တင်ခရီးလမ်းများ ယခင်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်မှု အခြေအနေ၊ လက်ရှိဂျောင်ဝိုင်း၌ ကမ်းတင်နေသည့် ရေယာဉ်/တွဲရေယာဉ်များ ကမ်းချနိုင်ရေးအတွက် ဝန်ထမ်းများက ရေစုပ်ပန့်များ အသုံးပြု၍ နော်ဇယ်ထိုး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြစ်အတွင်း နန်းသီတာဆိပ်ကမ်းမှ ဗိုလ်တထောင်ဆိပ်ကမ်း၊ ၎င်းမှ အလုံမြန်မာ့စက်မှုဆိပ်ကမ်း၊ ၎င်းမှ ဆိပ်ကြီးခနောင်တိုမြို့နယ် ဂျောင်ဝိုင်းကျေးရွာသို့ သွားရောက်ရာ ရေလမ်းကြောင်းတစ်လျှောက်၌ နစ်မြုပ်နှင့် ကမ်းတင်ရေယာဉ်များ ပြန်လည်ဆယ်ယူ ဆွဲချပြီးစီးမှု၊ ဆိပ်ခံဗောတံတားများ ပြန်လည်ဆယ်ယူပြင်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် နန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

▲ မိုးဦးကာလမှ

တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိရာ ရေအနက် မလုံလောက်သည့် ရေမွှာပေါက် ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်းမပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ် စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြု မောင်းနှင်ကြရန်လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသား ပြသထားပြီး ရေယာဉ်များမဝင်ရမည့်အပေါက်၌ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များမြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စီးတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အား စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန်လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ မြစ်အတွင်းခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံရှိ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်းမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်း

ရန်ကုန် မေ ၂၈

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံရှိ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်းက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ယာယီသံအမတ်ကြီး H.E.Mr.Habib UR Rehman ၊ စစ်သံမှူး Col. Muzammil Hussain Shah နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ထောက်ပံ့ရေးပစ္စည်းများလွှဲပြောင်းပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယနေ့ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံမှ TG-303 လေယာဉ်ဖြင့်ပေးပို့လှူဒါန်းသည့်ပစ္စည်းများမှာ ဆန်၊ ဆီ၊ သကြား၊ ဖယောင်းတိုင်၊ ဘီစကစ်၊ လက်ဖက်ခြောက်၊ သောက်ရေသန့်၊ ဆေးဝါး၊ အဝတ်အထည်၊ သိုးမွေးလိပ်နှင့် ဖိနပ်များ စုစုပေါင်းတန်ချိန် ၃ဒသမ ၂၅တန် ပါရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံရှိ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်းက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ ယာယီသံအမတ်ကြီး H.E.Mr. Habib UR Rehman က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက်တို့မှ စုပေါင်းလှူဒါန်းသည့် ပစ္စည်းတန်ဖိုးငွေကျပ် ၃၉၉၆၀၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၀၈၀၀၊ ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်နှင့် ထိုင်းနိုင်ငံ လန်ပန်းခရိုင် ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းသည့်တန်ဖိုးငွေကျပ် ၁၃၆၅၂၂၀၀၀ရှိ ဘိလပ်မြေအိတ် ၂၀၀နှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းမျိုးစုံ၊ ကျိုင်းတုံမြို့မ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများက စုစုပေါင်းငွေကျပ် ၂၅၅၃၃၇၇၀ တန်ဖိုးရှိ အလှူငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဦးသိန်းထိုက်၊ ဦးမြင့်ဋ္ဌေး မိသားစုက ငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးညီလင်း မိုင်းပေါက်က အလှူငွေကျပ် ငါးသိန်း၊ တာချီလိတ်မြို့ ကုန်သည်ကြီးများအသင်းမှ အလှူငွေကျပ် သိန်း ၄၀နှင့် တာချီလိတ်မြို့ ရီဂျီးနားဟိုတယ်မှ ဘတ်ငွေ နှစ်သိန်းတို့ကို တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးကလက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တာချီလိတ်မြို့ ပါရာဒိုက်ဟိုတယ်မှ ဘတ်ငွေ တစ်သိန်း၊ ကျိုင်းတုံမြို့ ဟုန်ပန်းကုမ္ပဏီ ဝက်မွေးမြူရေးခြံမှ အလှူငွေကျပ် သိန်း ၂၀၊ ကျိုင်းတုံမြို့ ရွှေဖြူကုမ္ပဏီက ဦးသန်းထွန်း၊ ဒေါ်အေးဝင်းက အလှူငွေ ကျပ် ၁၀သိန်း၊ တရုတ်ဗုဒ္ဓဘာသာအဖွဲ့က အလှူငွေကျပ် ၁၀ သိန်း၊ မိုင်းပျဉ်းမြို့နယ် ပြည်သူများက အလှူငွေကျပ် ၇၃၉၈၀၀၊ တာချီလိတ်မြို့မှ သုဓမ္မကုမ္ပဏီဇောတရေ ဦးမောင်လေးက အလှူငွေကျပ် ငါးသိန်း၊ ရှမ်းရိုးမကုမ္ပဏီလီမိတက်က အလှူငွေကျပ် ငါးသိန်း၊ မူဆလင်သာသနာရေးအဖွဲ့က အလှူငွေကျပ်ငါးသိန်း၊ စည်ပင်သာယာရေးဌာနမှ ငွေကျပ် ၄၆၀၀၀၀တန်ဖိုးရှိ ခေါက်ဆွဲဖာ ၁၀၀၊ ကျိုင်းတုံမြို့ တရုတ်ဘာသာ စကားပြောသင်တန်းက အလှူငွေကျပ် လေးသိန်း၊ မက်မန်းမြို့နယ် ပြည်သူများက အလှူငွေကျပ် ၃၁၅၀၀၀၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အလှူငွေကျပ် သုံးသိန်း၊ မိုင်းဆတ်မြို့ ဟုန်ပန်းကုမ္ပဏီ ဝက်မွေးမြူရေးခြံက အလှူငွေကျပ် ၂၄၀၀၀၀၊ ကျိုင်းတုံမြို့ နာရေးထောက်ပံ့ကူညီမှုအသင်းက အလှူငွေကျပ် နှစ်သိန်း၊ ကျိုင်းတုံမြို့မှ ဒေါ်ဇင်မာထွေး မိသားစုက အလှူငွေကျပ် ၁၁၅၀၀၀၊ ကျိုင်းတုံမြို့မ ဈေး သမဝါယမအသင်းက အလှူငွေကျပ် တစ်သိန်း၊ မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ မိုင်းဆတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ် နှစ်သိန်း၊ ဒေါ်အားဆန် နောင်လိတ်ရပ်ကွက်အလှူငွေကျပ် တစ်သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဥပဒေရုံးမိသားစုက ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ အထောက်အပံ့ပစ္စည်းမျိုးစုံ၊ ဒေါက်တာစိုင်းဆေးကော် မိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံ၊ ကျိုင်းတုံမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကအလှူငွေကျပ်နှစ်သိန်းနှင့် ဦးနေမျိုးဦး (အိပ်မက်ရွာဗီဒီယို ဖြန့်ချိရေး)က အလှူငွေကျပ် နှစ်သိန်းတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူ အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်တို့က အလှူငွေနှင့်ပစ္စည်းများကိုလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင်အသုံးပြုရန် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နှင့် စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် လယ်ယာသုံး လက်တွန်းထွန်စက် အစီး ၅၀ ကို ၁၀ ဘီးယာဉ်ကြီး သုံးစီးဖြင့် လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် မေ ၂၃ ရက်တွင် လက်တွန်းထွန်စက် အစီး ၂၀နှင့် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများကို ၁၀ ဘီးယာဉ် တစ်စီးဖြင့် ကျိုင်းတုံမြို့မှ စေလွှတ်ပေးပို့ခဲ့ပြီးဖြစ်သည်။

အဆိုပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် လယ်ယာသုံး လက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် လေဘေးသင့် ပြည်သူများအတွက် အလှူငွေကျပ် ၃၂၀၉၁၃၂၀ နှင့် ငွေကျပ် ၂၇၉၇၄၄၂၅၀ တန်ဖိုးရှိ အထောက်အပံ့ပစ္စည်းမျိုးစုံ၊ စုစုပေါင်းငွေကျပ် ၃၁၁၈၃၅၅၇၀ တန်ဖိုးရှိ အလှူငွေနှင့် လက်တွန်းထွန်စက် အစီး ၅၀ အပါအဝင် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ ကြီးကြပ်မှုဖြင့် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အလှူငွေနှင့်အထောက်အပံ့ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး

တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်း မြိတ်မြို့နယ်၌ ရောက်ရှိနေသောကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲကို မေ ၂၄ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်ဥက္ကဋ္ဌများ၊ တိုင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက စိုက်ပျိုးရေးလုပ်ငန်းများ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသဝမ်းစာ ဖူလုံပိုလျှံရေး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း၊ နှစ်ရှည်သီးနှံ၊ စီမံကိန်းသီးနှံ စိုက်ဧကများ ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရေးမှာကြားသည်။

ဗိုလ်ချုပ်သာအေးသည် မွန်းလွဲ ၁ နာရီခွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည့် လေဘေးသင့် ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မြိတ်ခရိုင်မှ စေတနာရှင်၊ အလှူရှင်များက ငွေကျပ် ၁၆၉၅ သိန်းကျော် တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆန်းကြွယ်ရွာ မစိုးရိမ်ကျောင်း သံဃာတော်များက ငွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံတက္ကသိုလ်နှင့်စီးပွားရေးတက္ကသိုလ် အဆောက်အအုံများပြုပြင်ပြီးစီးမှု

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ကြီးအား အဆောက်အအုံ အထူးအဖွဲ့(၃)မှ အင်ဂျင်နီယာမှူး ဦးသိန်းစောက ဒဂုံတက္ကသိုလ် အဆောက်အအုံများ လေဘေးကြောင့် ပျက်စီးသွားသည့် အမိုးအကာများ ပြုပြင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဦးစားပေးအလိုက် လုပ်ငန်းများခွဲ၍ လုပ်ဆောင်ရန် မှာကြားပြီး အဆောက်အအုံများပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှု အပိုင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိရာ အဆောက်အအုံ အထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဦးမြင့်ဇော်က လေဘေးကြောင့် ပျက်စီးသွားသည့် အပိုင်းများကို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးညွန့်မောင်စန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စီးပွားရေးတက္ကသိုလ်ရှိ အဆောက်အအုံများနှင့် ပြင်ဆင်ပြီးစီးမှုအပိုင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၈

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ မေ ၂၇ ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)မုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဦးအရိယ (ရန်ကင်းစေတီကျောင်း၊ မရမ်းကုန်းမြို့နယ်)က ငွေကျပ်နှစ်သောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သား၊ သမီး၊ မြေးများက ငွေကျပ် ၁၀ သိန်း၊ ဦးသောင်းဝင်းနှင့်ဒေါ်အေးအေး၊ သမီး မမေဝင်းသူ၊ သား မောင်ကျော်ခိုင် ဝင်းမိသားစု၊ အင်းစိန်မြို့နယ်တို့က ကျပ်တစ်သိန်း၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆန်းကြွယ်ရွာ၊ မစိုးရိမ်ကျောင်း သံဃာတော်များက ငွေကျပ် ၃၅ သိန်း၊ ဥက္ကံ-လသာယာဉ်လိုင်း၊ မော်တော်ယာဉ်အသင်း ဥက္ကံမြို့က ငွေကျပ် ၃၁၄၅၀၀၊ အမေရိကန်နိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် ဒေါ်ခင်နှင်းအေးမိသားစုက ငွေကျပ်ငါးသိန်း၊မောင်ဖြိုးဟန်အောင်(ခေတ္တစင်ကာပူ) ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ စိန်ပန်းထိမ် ဦးထွန်းအောင်နှင့် ဒေါ်ထွေးကြည်မိသားစု ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ကိုကျော်မြင့်နှင့် မအေးအေးမာမိသားစု၊ စမ်းချောင်းက ငွေကျပ် ငါးသောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမိသားစု နေပြည်တော်က ငွေကျပ်တစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန မြဝတီစခန်းက ငွေကျပ် ၅၈ သိန်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(စီမံ)၊ နေပြည်တော်က ငွေကျပ်၃၁၀၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မန္တလေးက ငွေကျပ် ၃၄၇၅၀၀၀၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန လွယ်ဂျယ်က ငွေကျပ်သိန်း ၂၀၊ Golden Comet Co.,Ltd အမှတ်(၃၄) ပုဇွန်တောင်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဒေါ်စောမြမိသားစု တာမွေမြို့နယ်ကငွေကျပ်တစ်သောင်း၊ ဒေါ်စန္ဒာ ဒဂုံမြို့နယ်က ငွေကျပ်တစ်သောင်း၊ ဦးတင်ငွေ (ပြန်ကြားရေးနှင့်ဆက်သွယ်ရေး) မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၊ တိုက်(၅၄)၊ အခန်း(၁၁)၊ ဖဆပလ မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ် သုံးသောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံစစ်သံရုံးမိသားစုများက အမေရိကန်ဒေါ်လာ ၃၅၀၊ ဗီယက်နမ်နိုင်ငံရှိမြန်မာသံရုံးမှလက်ခံရရှိသော လှူဒါန်းငွေ ယူရို ၂၁၉၃၅ ဒသမ ၉၄၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကူမင်းမြို့ရှိမြန်မာကောင်စစ်ဝန်ရုံးမှ လက်ခံရရှိသော လှူဒါန်းငွေ ယူရို ၂၉၄၁၂ ဒသမ ၂၃ တို့ ဖြစ်သည်။

မေ ၂၇ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေ ကျပ် ၁၇၇၁၉၅၀၀၊ အမေရိကန် ဒေါ်လာ ၃၅၀ နှင့် ယူရိုငွေ ၅၀၃၄၈ ဒသမ ၁၇ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူး ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး၏ဇနီး ဒေါ်မြသီဂီ ကျောက်တန်းမြို့နယ်ရှိ လေဘေးသင့်သော ရပ်ကွက်၊ ကျေးရွာများမှ ကလေးများအား မေ ၂၇ရက်က ပညာရေးဆိုင်ရာ ကျောင်းသုံးပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့

MEGA ကုမ္ပဏီမှ ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် MEGA ကုမ္ပဏီမှ ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို မေ ၂၆ ရက် ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် MEGA ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. Dirish Wadhwa က ငွေကျပ် ၈၉၇၈၃၅၆ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုရန် MEGA ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာMr.Dirish Wadhwaကငွေ ၈၉၇၈၃၅၆ကျပ် တန်ဖိုးရှိဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ လက်ခံစဉ်။ (ကျန်းမာရေး)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၈

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကိုဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း ၄၅၀တန်ဖိုးရှိ လက်တွန်းထွန်စက်အစီး ၅၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၀၉၆၂၅ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၇၇၉၀၉၀ နှင့် ငွေကျပ် ၃၃၄၇၆၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၉၀၀၁၅၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၂၅၀၀၀ နှင့် ငွေကျပ် ၄၃၅၈၁၉၅၀ တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၉၆၃၄၄၀၀ တန်ဖိုးရှိ ခြင်ထောင်အလုံး ၁၀၀၀၊ ဆန်အိတ် ၁၀၀၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ စတုတ္ထအကြိမ် လှူဒါန်းငွေကျပ် သိန်း ၉၁၀ နှင့် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ ထောက်ပံ့ရေး ပစ္စည်းများကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၈၆၃၀၀၀ အပါအဝင် စေတနာရှင်အလှူရှင်များ၏ ယနေ့ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာငွေကျပ် ၂၂၀၅၄၀၈၁၅ ဖြစ်ပြီး မေ ၂၈ ရက် အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၀၀၄၈၇၆၆၅၉၄ ရှိပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်အိမ်ထောင်စု ၄၀၀ အတွက် ပံ့ပိုးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၈

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့် ပြည်သူများထံ စေတနာ့ဝန်ထမ်း လုပ်ဆောင်လျက်ရှိသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်အနုပညာရှင်များပါဝင်သည့်အဖွဲ့အား အိမ်ထောင်စု ၄၀၀ အတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိခြုံစောင်၊ အင်္ကျီ၊ ကာဘော်လစ် ဆေးဆပ်ပြာနှင့် သောက်ရေသန့်စင်ဆေးရည်တို့ကို ရွှေသံလွင်ကုမ္ပဏီနှင့် ရော်ဘာထုတ်လုပ်မှုနှင့် စိုက်ပျိုးတိုးတက်ရေးတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော **Dr. Ebrahim**နှင့် **Dr. Rohani (Sheiphia Holding Co., Ltd./ Malaysia)**၊ ဦးကျော်နိုင်(**MD, Kyaw Naing Associates**)၊ ဦးကံမြင့်(ဂန္ဓမာကံမြင့် ဆောက်လုပ်ရေး)၊ ဦးဇော်မင်း (**Zaw Min Trading**)၊ ဦးဘထွန်း (**A1**), ဦးဇော်ဝင်း (**Just Fashion**)၊ ဦးဝင်းထူး (**Milano Fashion**)၊ ဦးစိန်ပန်း(၅၂ လမ်း)နှင့် အကယ်ဒမီဒေါ်ဆွေဇင်ထိုက် (**MD,CSG Co., Ltd.**)တို့၏စုပေါင်း လှူဒါန်းသည့် ပစ္စည်းများကို ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်)နှင့် အကယ်ဒမီဒေါ်ဆွေဇင်ထိုက်တို့က လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ ရုပ်ရှင်သရုပ်ဆောင်ခန့်စည်သူနှင့်အကယ်ဒမီအောင်ခိုင်တို့က လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်)၊ အကယ်ဒမီဒေါ်ဆွေဇင်ထိုက် (MD.CSG Co.,Ltd.)တို့က လေဘေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဦးမြင့်သိန်းဖေ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်သရုပ်ဆောင်ခန့်စည်သူနှင့် အကယ်ဒမီအောင်ခိုင် (ရုပ်ရှင်သရုပ်ဆောင်တို့က) လက်ခံရယူစဉ်။ (သတင်းစဉ်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လေဘေးသင့်ခံရသော ပြည်သူများအတွက်ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် မေ ၂၅ရက်တွင် ဒေးဒရဲမြို့နယ် လှဲဆိပ်ချောင်းကြီးကျေးရွာအုပ်စုနှင့် ကျုံဒါတ်ကျေးရွာအုပ်စုတို့သို့ ဒေးဒရဲမြို့မှ တစ်ဆင့်သွားရောက်ပြီး လေမုန်တိုင်းဒဏ်သင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြကာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လှူဒါန်းသော၊ ဆန်အိတ်များ၊တာပေါ်လင်စများ၊ ရေသန့်ဘူး၊ Solar Power Lamp များ၊ ဆေးဝါးများ၊ဆပ်ပြာများ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကိုလည်းကောင်း၊ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများကိုလည်းကောင်း လှူဒါန်းကြသည်။ လှူဒါန်းသည့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၄၀၉ သိန်းကျော်ဖိုးရှိကြောင်း သိရှိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် လေဘေးသင့်ခံရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့အတွင်းရှိ ပြည်သူများအား ပြည်တွင်း ပြည်ပ အလှူရှင်ပုဂ္ဂိုလ်များက ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းမှု ပြုနိုင်ရန်အတွက် စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လှူဒါန်းမှုပြုလာသော ပစ္စည်းများကိုလည်း လေဘေးသင့်ခံရသော ပြည်သူများထံအရောက် ဆက်လက်ပေးပို့ လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် APPETON ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀လှူဒါန်းပွဲကို မေ ၁၆ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ ကျင်းပရာ APPETON မှMr.Hiew MF (Commercial Manager International Markets နှင့် Mr.Javed Lujee(MD of Fair Deal Co.,Ltd.)တို့က ပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် FDA ညွှန်ကြားရေးမှူး အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာကျော်လင်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက်
ကရုဏာသံစဉ်ပွဲတော် မန္တလေးမြို့၌ ကျင်းပမည်

ရန်ကုန် မေ ၂၈

လေဘေးဒဏ်သင့် ပြည်သူတို့အတွက် ရန်ပုံငွေအလှူပွဲအဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ကရုဏာသံစဉ်တေးဂီတဖျော်ဖြေပွဲကို ဇွန် ၇ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ကျင်းပမည်ဖြစ်ရာ ပွဲဖြစ်မြောက်ရေးအတွက် မြန်မာဘရူဝါရီလီမိတက်က ပံ့ပိုးကူညီထားပြီး နာမည်ကြီးတီးဝိုင်းသုံးဝိုင်းဖြစ်သော Lazy Club, Metal Zone, The Trees တို့နှင့်အတူ တေးသံရှင်များဖြစ်ကြသော ပလေးဘွိုင်းသန်းနိုင်၊ ဂျေမောင်မောင်၊ ချစ်ကောင်း၊ ဟယ်ရီလင်း၊ ရင်ဂို၊ မာရဇ္ဇ၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ အဲလက်(စ်)၊ ဂရေဟမ်၊ ဘိုဖြူ၊ ဇော်ပိုင်၊ Rဇာနည်၊ ဖြိုးကြီး၊ ကောင်းဆက်၊ ဖိုးကျော်၊ ဘရိတ်ကီ၊ ဖိုးကာ၊ ဟန်ထွန်း၊ လင်းလင်း၊ တင့်တင့်ထွန်း၊ သျှီ၊ ချောစုခင်၊ ခင်ဘုဏ်း၊ ယုဇနာ၊ ချစ်သုဝေ၊ Lဆိုင်းဇီ၊ မေစပယ်ညိုနှင့် လုလုတို့ပါဝင် ဖျော်ဖြေကြမည်ဖြစ်သည်။

စေတနာထက်သန်စွာ ပူးပေါင်းပါဝင်လှူဒါန်းကြမည့် အလှူရှင်များအတွက် အလှူငွေလက်ခံပွဲတစ်ခုကိုလည်း ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ၂၆-လမ်း(၈၂ × ၈၃)လမ်းကြားရှိ စီးတီးဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးကိုယ်စားတေးသံရှင်များက လက်ခံရယူပေးကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးမည်ဖြစ်ရာ လှူဒါန်းလိုသူစေတနာရှင်များ မန္တလေးစီးတီးဟိုတယ်နှင့် မန္တလေးဂီတအစည်းအရုံးတို့၌ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

ဤပွဲမှရရှိသော အလှူငွေများကို မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဂီတအနုပညာရှင်များကိုယ်တိုင် လေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းသို့ စတင်ဝင်ရောက်



ရန်ကုန် မေ ၂၈

ယနေ့ နံနက် ၉ နာရီခွဲ အထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ စတင်ဝင်ရောက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ရွှေဘိုမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကသာမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ ဒသမ ၁၁လက်မ၊မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ၇၇လက်မ၊ စစ်တွေမြို့တွင် ၁ဒသမ၃၄လက်မနှင့် သထုံမြို့တွင် ၁ ဒသမ ၀၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

မေ ၂၉ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)	၂၇-၅-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်)	၂၈-၅-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၂၈-၅-၂၀၀၈
နေပူသည့်နာရီပေါင်း ၁ ဒသမ ၀ နာရီခန့်	၂၇-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၈-၅-၂၀၀၈	၅မမ(၀.၁၉လက်မ)	၂၁မမ(၀.၈၂လက်မ)	၇၉မမ(၃.၁၁လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၇၁၁မမ(၂၇.၉၉လက်မ)	၈၃၄မမ(၃၂.၈၃လက်မ)	၁၀၁၈မမ(၄၀.၀၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၇-၅-၂၀၀၈ ရက် ၆း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ (၄)မိုင်နှုန်း တိုက်ခတ်သည်။

နာဆာအဖွဲ့မှ လွှတ်တင်သော ဖီးနစ်အင်္ဂါဂြိုဟ်ဆင်းယာဉ် ဂြိုဟ်ပေါ်သို့ ဆင်းသက်နေပုံကို သရုပ်ဖော်ထားသော ပန်းချီဆရာ၏ စိတ်ကူးရုပ်ပုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားနိုင်ငံကပြည်ပသို့ဆန်ပြန်လည်တင်ပို့မည်

ဖနွမ်းပင် မေ ၂၇

ကမ္ဘောဒီးယားနိုင်ငံတွင် ဆန်တင်ပို့မှု ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က တနင်္လာနေ့တွင် ပြောကြားသည်။

ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားသည့် နှစ်လတာကာလမှာ ကုန်ဆုံးသွားပြီဖြစ်ကြောင်း အမျိုးသားပညာရေးဌာန ဖွင့်ပွဲအခမ်းအနားတွင် ဟွန်ဆန်က ပြောကြားသည်။ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် ဆောင်ရွက်ရမည်ဖြစ်၍ ယခုနှစ် တစ်နှစ်လုံးတွင် ကမ္ဘောဒီးယားအနေဖြင့် ဆန်တန်ချိန် ၁ဒသမ ၆သန်းခန့်သာ တင်ပို့နိုင်မည် ဖြစ်သည်ဟု ဟွန်ဆန်က ပြောကြားသည်။

ဆန်တင်ပို့ရာတွင် တန်ချိန် ၁၀၀ ကျော်လျှင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ယခုချိန်မှစ၍ မှတ်ပုံတင်ရမည်ဖြစ်သည်။ သို့သော် ထို့ထက်နည်းပါးသော ပမာဏကို နိုင်ငံတကာ နယ်စပ်ဂိတ်မှ တင်ပို့လျှင် အကောက်ခွန်ဌာန တာဝန်ရှိသူများထံ၌ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများအတွက် စားနပ်ရိက္ခာ ဖူလုံစေရန် ပြည်ပသို့ တင်ပို့သော ဆန်ပမာဏ၏ စာရင်းများကို ၎င်းတို့ သိရှိထားရန် လိုအပ်ကြောင်း ဟွန်ဆန်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်၌အားထိုးမှုဖြစ်ပွား ဆယ်ကျော်သက်ရွယ်သေဆုံး

လန်ဒန် မေ ၂၇

ဗြိတိန်နိုင်ငံ ကိတ်မြို့ဘူတာရုံလမ်းရှိ မက်ထရိုစားသောက်ဆိုင်၌ မေ ၂၄ ရက်စောစောပိုင်းကလူငယ်များခိုက်ရန်ဖြစ်ပွားရာ ဆယ်ကျော်သက်တစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခြားသုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိသော်လည်းအသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

၂၁နှစ်အရွယ် တစ်ဦးကို ဒဏ်ရာဖြင့် ဆေးရုံ၌ ကုသစဉ်စစ်ဆေးချက်အရ လူသတ်မှုဖြင့် ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လက်နက်ကြီးများ သိုလှောင်ရာနေရာ သုံးနေရာ အီရတ်တွင်တွေ့ရှိ၍ သိမ်းဆည်းခဲ့ဟု ပြောကြား

ဘဂ္ဂဒက် မေ ၂၇

အီရတ်စစ်ဘက် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်ပြည်သူ့စစ်များ၏ခြေကုပ်စခန်းများကိုရှင်းလင်းရေးလှုပ်ရှားမှုပြုလုပ်ခဲ့ရာ အဆောက်အအုံနှင့် ဆေးရုံအတွင်း လက်နက်ကြီးများသိုလှောင်ရာ သုံးနေရာတွေ့ရှိခဲ့ပြီး သောကြာနေ့က သိမ်းဆည်းခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အေကေ-၄၇တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်၃၆၀၊ လက်ဖြောင့်သမားသုံးရိုင်ဖယ်သေနတ် ၁၂လက်၊ တင့်ကားဖျက်မိုင်း၊ဒုံးပစ်လောင်ချာကျည် ၁၀၀၊ ဒုံးပစ်လောင်ချာများ ပါဝင်သည့် လက်နက်များသိုဝှက်ရာ နှစ်နေရာကို ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဆူလာဒေသရှိ အဆောက်အအုံအပြင်နှင့် အတွင်းတွင် တွေ့ရှိကာ သိမ်းယူခဲ့ခြင်းဖြစ်သည်ဟုစစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ နေရာတွင် အီရတ်တပ်ဖွဲ့ဝင်များက အမျိုးသမီးတစ်ဦးနှင့် အမျိုးသား နှစ်ဦး၏ ရုပ်လောင်းများကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

တတိယမြောက်လက်နက်သိုလှောင်ရာနေရာကို ဘဂ္ဂဒက်မြို့တော်ဆာဒါးမြို့ဆင်းရဲသားရပ်ကွက်ရှိဆေးရုံတစ်ရုံမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းနေရာတွင်ဒုံးပစ်လောင်ချာကျည်ဆန် ၁၀၀၊ အိမ်လုပ်လက်ပစ်ဗုံး ၆၀ နှင့် ခဲယမ်းမီးကျောက်များ သိုဝှက်ထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ငလျင်ဒဏ်သင့်ဒေသများအတွက် ရုရှားမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့

မော်စကို မေ ၂၇

တရုတ်နိုင်ငံ၏ ငလျင်ဘေးဒဏ်သင့်သော ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်း တန် ၂၅၀ ကျော်ကို ရုရှားလေတပ်လေယာဉ် ကိုးစင်းဖြင့် မေ၂၄ရက်က ရောက်ရှိလာသည်။

ရုရှားနိုင်ငံ ဆိဘီးရီးယန်းဒေသမှ ရွက်ဖျင်တဲ ၃၀၀၊ အဝတ်အထည် ၃၀၀၀ကျော်နှင့်အခြားအသုံးအဆောင်ပစ္စည်းများကိုအိုင်အယ်လ်-၇၆ အမျိုးအစားလေယာဉ်ရှစ်စင်းဖြင့် ရောက်ရှိလာသည်။ ယင်းလေယာဉ်များသည် ရုရှားသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးပညာရှင်များလည်း သယ်ဆောင်လာကြောင်း အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

နောက်အေအင်-၁၂၄အမျိုးအစားလေယာဉ်တစ်စင်းတွင် စစ်တပ်သုံးရွက်ဖျင်တဲကြီး ၃၀နှင့်စောင် ၃၀၀၀ ကို မော်စကိုမြို့အနီးရှိ လေဆိပ်မှ မေ ၂၄ရက် မွန်းလွဲပိုင်းတွင် သယ်ဆောင်လာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘူလ်ဂေးရီးယား-ဆားဘီးယားနယ်စပ်၌ စိတ်ကြွဆေးပြား ၅၅ ကီလိုဖမ်းမိ

ဆိုဖီယာ မေ ၂၇

ဘူဂေးရီးယားအကောက်ခွန်ဝန်ထမ်းများကဆားဘီးယား-ဘူလ်ဂေးရီးယားနယ်စပ်ကာလိုတီနာစစ်ဆေးရေးဂိတ်၌ စိတ်ကြွဆေးပြား ၅၅ကီလိုဖမ်းဆီးရမိကြောင်း သောကြာနေ့ထုတ်ပြည်တွင်းသတင်းစာများတွင်ရေးသားဖော်ပြသည်။

ရှာဖွေတွေ့ရှိ

စစ်ဆေးရေးစခန်းတွင်ပုံမှန်စစ်ဆေးမှုပြုလုပ်နေစဉ် ကားတစ်စီးအတွင်း လျှို့ဝှက် သယ်ယူလာသော မူးယစ်ဆေးဝါး ၂၄ ထုပ်ကို အကောက်ခွန်ဝန်ထမ်းများကရှာဖွေတွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းယာဉ်မောင်းသည် ဆားဘီးယားနိုင်ငံမှဘူလ်ဂေးရီယားနိုင်ငံအတွင်းသို့ ဝင်လာသည့် ဒတ်ချ်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘူလ်ဂေးရီးယားနိုင်ငံသည်အာရှနှင့် အရှေ့ အလယ်ပိုင်းနိုင်ငံမှ အနောက်ဥရောပနိုင်ငံဈေးကွက်များသို့ မူးယစ်ဆေးဝါး မှောင်ခိုများအတွက် အဓိက သယ်ယူရာ လမ်းကြောင်းတစ်ခု ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂါဇာဒေသ၌ အစ္စရေးတပ်ဖွဲ့ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း စစ်သွေးကြွ ငါးဦးသေဆုံး

ဂါဇာ မေ ၂၈

ဟာမတ်များ ကြီးစိုးသော ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ အစ္စရေးတပ်ဖွဲ့များ မေ ၂၃ရက်က ဝင်ရောက်စီးနင်းရာ ပါလက်စတိုင်းစစ်သွေးကြွ ငါးဦးသေဆုံးကြောင်း ဆေးရုံဝန်ထမ်းများနှင့် စစ်သွေးကြွများ ပြောကြားချက်အရ သိရသည်။

ရာဖာ့ချ်မြို့တောင်ပိုင်းတွင်အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် ဟားမတ်စစ်သွေးကြွ သုံးဦးသေဆုံးသည်။

အတည်ပြု

မေ ၂၃ ရက် နံနက်ပိုင်းက ဂါဇာတောင်ဘက်တွင် ပါလက်စတိုင်းလက်နက်ကိုင်များနှင့် ပစ်ခတ်မှုဖြစ်ပွားရာ၌ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း အစ္စရေးပိုင်သတင်း ဝက်ဆိုက်ဘ်က အတည်ပြုပြောကြားသည်။

ပစ်ခတ်

ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်းတွင်အစ္စရေးတပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် ၎င်းတို့ တိုက်ခိုက်ရေးသမား နှစ်ဦးသေဆုံးကြောင်း အစ္စလမ္မာစ်ဂျီဟတ် စစ်သွေးကြွအုပ်စုက ပြောကြားသည်။

ကြိုးပမ်း

ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်း အုပ်စုများ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း အီဂျစ်နိုင်ငံက ၎င်းတို့အား အပစ်အခတ်ရပ်စဲပြီးငြေလည်မှုရအောင် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာကမ်းမြောင်မြောက်ပိုင်းနယ်စပ်ဖြတ်ကျော်ရာအနီးတွင် စစ်သွေးကြွများ၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် လမ်းပေါ်တွင် ကျင်းတစ်ကျင်းဖြစ်သွားသည်ကို မေ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားတွင် မလွှဲသာ၍ စက်သုံးဆီဈေး မြှင့်တင်ရမည်ဟု သမ္မတ ဆူစီလိုပြောကြား

ဂျကာတာ မေ ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၇ ခုနှစ်က စီးပွားရေးကျဆင်းခဲ့သည့် အလားတူဖြစ်ရပ်မျိုး မဖြစ်ပွားစေရန် ရှောင်ရှားသည့်အနေဖြင့် အင်ဒိုနီးရှားအစိုးရက စက်သုံးဆီဈေးနှုန်းများ မြှင့်တင်ရန်မှတပါး အခြားရွေးချယ်စရာမရှိကြောင်း သမ္မတဆူစီလိုဘန်ဘမ်းက တနင်္လာနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရက စက်သုံးဆီ ဈေးနှုန်းများကို စနေနေ့က ၃၀ရာခိုင်နှုန်းနီးပါးအထိဈေးမြှင့်ခဲ့ရာစားနပ်ရိက္ခာ ဈေးကြီးမှုကြောင့်ဒုက္ခတွေ့နေရသည့် အင်ဒိုနီးရှားပြည်သူအများစုက မကျေနပ်မှုများ ပေါ်ပေါက်လျက်ရှိသည်။

တာဝန်ရှိ

ရေနံလျှော့ကျမှု သက်သာစေရန်အတွက် ချမှတ်သည့် သောကြာနေ့က ဆုံးဖြတ်ချက်သည် အကောင်းဆုံးနှင့် လိုအပ်မှုရှိသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး အမျိုးသားစီးပွားရေး ကျဆင်းမှု ကာကွယ်ရန်နှင့် မိမိတို့ ပြည်သူများ အန္တရာယ်မရှိစေရေးအတွက် တာဝန်ရှိသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်ဟုဆူစီလိုဘန်ဘမ်းကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်အကောက်ခွန်ဌာန အနံ့ခံခွေးအား လေ့ကျင့်စဉ် မူးယစ်ဆေးဝါးအထုပ် ပျောက်ဆုံး

တိုကျို မေ ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်တွင် လွန်ခဲ့သည့် တနင်္ဂနွေနေ့က အကောက်ခွန်အရာရှိတစ်ဦးသည် ဟောင်ကောင်မှလာသော ခရီးသည်တစ်ဦး၏ လက်ဆွဲအိတ်ထဲသို့ အနံ့ခံခွေးအား လေ့ကျင့်ရေးအတွက် မူးယစ်ဆေးဝါး အထုပ်တစ်ထုပ်ကို ထည့်ခဲ့သည်။ သို့သော်လည်း လေ့ကျင့်စဉ်တွင် အဆိုပါ လက်ဆွဲအိတ်နှင့် မူးယစ်ဆေးဝါး အထုပ်နှစ်မျိုးလုံးအား ခြေရာခံမရဘဲ ပျောက်ဆုံးသွားကြောင်း တိုကျိုအကောက်ခွန်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းတွင် ထိုကဲ့သို့သော လေ့ကျင့်ခန်းများအတွက် လေ့ကျင့်ရေးလက်ဆွဲအိတ်ကို သုံးစွဲရန် တိကျစွာ ညွှန်ကြားထားပြီးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ပြည်သူများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ လေဘေးသင့် ပြည်သူများအတွက် ဒုတိယအကြိမ် လယ်ယာသုံးလက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ လေဘေးသင့်ပြည်သူများအား လယ်ယာသုံး လက်တွန်းထွန်စက်များနှင့် အလှူငွေ၊ အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား အလှူရှင် ဦးသိန်းထိုက်က အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀ စီးနှင့် အလှူငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှ ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ လက်တွန်း ထွန်စက် ၁၀ စီး၊ အထူးဒေသ(၂) ဦးကျော်ကျော်က ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး ၂၀၊ တာချီလိတ်မြို့နယ်မှ ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀ စီး၊ မိုင်းဆတ်ခရိုင်နှင့်မြို့နယ်များမှ ငွေ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး ၂၀၊ ထိုင်းနိုင်ငံ နမ့်ခွမ်းလုံ ဘိလပ်မြေကုမ္ပဏီလီမိတက်၊ မယ်ဆိုင်ကုန်သည်ကြီးများအသင်း၊ ကွမ်မင်ဘုံကျောင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❍

လေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသည့် Shelter Box များထဲမှ ရွက်ဖျင်တဲများကို ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကြီးကျေးရွာမှ မုန်တိုင်းဒဏ်ခံပြည်သူများ နေထိုင်နိုင်ရန် HTOO Trading Co.,Ltd နှင့် Air Bagan တို့မှ ဝန်ထမ်းများက တပ်ဆင်ပေးထားသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

ဆားဈေးနှုန်းကျဆင်းရေး၊ စားသုံးသူလက်အရောက် ဖြန့်ချိရေး ဆောင်ရွက်နေ

ရန်ကုန် မေ ၂၈

ဆားဈေးနှုန်းကျဆင်းရေးနှင့် စားသုံးသူလက်အရောက် ဖြန့်ချိရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့သည် မေ ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ ဆားစက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **စာမျက်နှာ ၅ ကော်လံ ၂ သို့** ❐

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့(လှုပ်ရှား) လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးနေစဉ်။

ကြေးမုံ The Mirror — ရောဂါထောက်လှမ်းရေးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိ

"စခန်းအတွင်းရှိ လေဘေးသင့် ပြည်သူများကို အစုအဖွဲ့အလိုက် ကျန်းမာရေးပညာပေးလျက်ရှိ၊ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေး သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကိုလည်း ဝေငှထားပြီးဖြစ်၊ ဆေးခန်းများကို ပြည်သူ့ဆေးရုံတွင်သာမက လေဘေးကယ်ဆယ်ရေးစခန်းများ၊ မြို့လယ်ရှိ ကျောင်းများ၊ အဆောက်အအုံများတွင်လည်း ဖွင့်လှစ်ပေးထား၊ ရောဂါထောက်လှမ်းရေးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိ၊ ကာလဝမ်းရောဂါသည် တစ်ယောက်မျှ မတွေ့၊ ကာကွယ်မှုများကို အပြည့်အဝ ဆောင်ရွက်လျက်ရှိ။"

မောင်မောင်ထွေး(သတင်းစဉ်)၏ (ဆောင်းပါး) စာမျက်နှာ-၃